ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ
၂၀၂၃၂၄

၂၁ ရာစုသို့ ကူးပြောင်းဝင်ရောက်သည့်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များတစ်ရှိန်ထိုးတိုးတက်ပြောင်းလဲနေ တိုးတက်ပြောင်းလဲမှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခြားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများကိုပါလွှမ်းမိုးလျက်ရှိ ဆရာ ဆရာမများအနေဖြင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအလျဉ်တွင် မျက်ခြည်မပြတ်လိုက်ပါနိုင်ရန်လိုအပ် ဘေးပယောဂသွေးထိုးသပ်လျှိုမှုများ၏ဆိုးညစ်သောအရင်းအမြစ်များကိုရှမြင်ရှောင်ရှားနိုင်အောင်စည်းရုံးဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြပွဲကြောင့်လွတ်လပ်ရေးချစ်မြတ်နိုးစိတ်များတဖွားဖွားဖြစ်ပေါ်လာ မြန်မာ့လွတ်လပ်ရေးကမ္ဘာတည်သရွေ့ အစွန့်ရှည်ရေးထိန်းသိမ်းကာကွယ်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရည်ရွယ်၍ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲကို တပ်မတော်ခန်းမဌခင်းကျင်းပြသလျက်ရှိရာ ရဟန်း ရှင်လူ ပြည်သူအပေါင်း စည်ကားသိုက်မြိုက်စွာ စိတ်ဝင်တစားလာရောက်ကြည့်ရှုလျက်ရှိသည်။ ပြခန်းခင်းကျင်းပြသရေးနှင့် ပြပွဲသို့လာရောက်ကြည့်ရှုသူ ပြည်သူများကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

ရှေးဦးစွာ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကို မေးမြန်းရာ *စာမျက်နှာ ၇ ကော်လံ ၁* ❍

နိုင်ငံတော်သစ်ဆီ တို့ဦးတည် တက်ညီလက်ညီချီတက်မည်ဆောင်ပုဒ်နှင့်အညီနိုင်ငံသစ်ဆီဦးတည်နေသော ဖွံ့ဖြိုးရေးပြကွက်များ ပြသထားသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြခန်း၌ လေ့လာသူများ စည်ကားလျက်ရှိစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

6-1 (1).p65 1 3/27/05, 10:18 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

လူ့ဘောင်အဖွဲ့အစည်းကိုအကျိုးပြုမည့် သားကောင်းသမီးမွန်များပြုစုပျိုးထောင် ပညာရေးမြှင့်တင်မှု အစီအမံများ ပိုမိုအောင်မြင်ရေး ပူးပေါင်းပါဝင်

(၂၁)ရာစုတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်းတိုးတက်ဖြစ်ထွန်းမှုများသည် သက်ဆိုင်ရာ ပညာရပ် နယ်ပယ်တွင် ရပ်တန့်မနေဘဲ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ကာကွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံကို လွှမ်းမိုးကြီးစိုးလာနေသည်။ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုစီးပွားရေးဘဝ တစ်ခုလုံးကိုပါ ပညာဖြင့် လွှမ်းမိုးကြီးစိုးလျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်သည်။ ဘက်စုံထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များကသာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးကို ထိထိရောက်ရောက် စွမ်းဆောင်ပေးနိုင်မည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ် လူငယ်ကျောင်းသူကျောင်းသားများကို ဘက်စုံပညာထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် လူရည်ချွန်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ ပညာရေးစီမံကိန်း အဆင့်ဆင့်ကို စနစ်တကျ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၃–၂၀၀၄ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"ယခုလို အခြေအနေအချိန်အခါမျိုးတွင် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်လူရွယ် ကျောင်းသားကျောင်းသူများ၏ စာပေပညာ၊သိပ္ပံနှင့်နည်းပညာ၊အားကစား၊ယဉ်ကျေးမှု စသည့် ဘက်စုံပညာရေးဆိုင်ရာ ကဏ္ဍအသီးသီးက ထူးချွန်ထက်မြက်သော စွမ်းရည်ပြသမှု အမျိုးမျိုးကို ပညာရေးစုံညီပွဲတော် ကာလတစ်လျှောက် ချီးကျူးဂုဏ်ယူဖွယ် အစွမ်းအစပြသခဲ့ကြသည်ကို တွေ့မြင်ခဲ့ရခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များ၏ အောင်မြင် ဖြစ်ထွန်းနေမှုသည် လွန်စွာမှအားရကျေနပ်ဖွယ် တွေ့မြင်နေရကြောင်း"

ပြောကြားသွားသည်။

အခြေခံပညာကဏ္ဍကို ကြည့်ပါက ဆရာဆရာမအင်အား ၂၂၆၀၀၀ ကျော်က အခြေခံပညာ ကျောင်းပေါင်း ၄၀၀၀၀ ကျော်၌ ကျောင်းသားကျောင်းသူ ၇ ဒသမ ၆ သန်းကျော်ကို နှစ်စဉ် ကျောင်းသား ကျောင်းသူတစ်ဦးစီလျှင် သင်ကြားချိန်နာရီ ၇၂၀ မှ ၉၄၅ နာရီအထိ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ် တည်ငြိမ်ခိုင်မာစေရေးအတွက် အမျိုးသားရေး အကျိုးစီးပွားအဖြစ် ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ဦးဆောင်ချီတက်နေချိန်ဖြစ်သည်။ အနာဂတ်ကာလကို တာဝန်ယူသွားကြမည့် ယနေ့ လူငယ်လူရွယ်များကို ပညာရည်မြင့်မားပြီး ဘက်စုံထူးချွန်ထက်မြက်လာစေရန် ပညာရေးကဏ္ဍကပါ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနေသည့် အချိန်ကာလလည်း ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များအား လူ့ဘောင်အဖွဲ့အစည်းကို အကျိုးပြုမည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာရေး၊ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းသည့်စိတ်ဓာတ် ထက်သန် ပြင်းပြသော လူငယ်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရင်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ စေတနာရှင်ပြည်သူများအားလုံးက ပညာရေးမြှင့်တင်မှု အစီအမံများ ပိုမိုတိုးတက်အောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပျော်ပွဲ ရှင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် စနာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် တက်ရောက်၍ နှစ်သစ်ကူး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များနှင့် အရာထမ်း၊ အမှုထမ်း၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က နှစ်သစ်ကူး အမှာစကားပြောကြားပြီး သင်တန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်သည်။

ထို့နောက် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများ အား ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးဝင်းအောင်နှင့် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း တို့က ပျော်ပွဲရွှင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)



ဇန်နဝါရီ၄ရက် နံနက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပန်းဘဲတန်း မြို့နယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးတင်အုန်း ဖတ်ကြားစဉ်။ (၂၁၀)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

အင်္ဂလိပ်စာနှင့် စကားကို ကျွမ်းကျင်စွာ ဖတ်လို၊ ရေးလို၊ ပြောလိုသူများနှင့် တက္ကသိုလ်တက်မည့် သူများ၊ တက်နေသူများ၊ MBAဝင်ခွင့်ဖြေမည့်သူများအတွက် ဆရာ ဦးကံညွန့်မောင်က အထောက်အကူပြု သင်တန်းများတွင် အင်္ဂလိပ် စာလုံး ၃၀၀၀ ၏ အနက် အဓိပ္ပာယ် နှင့် အသုံးအမျိုးမျိုး၊ Idioms များ၊ Slang များ၊ စကားပုံများ၊ ဆိုရိုး စကားများ၊ ဩဝါဒများကို ဥပမာ ဝါကျပေါင်း မြောက်မြားစွာဖြင့် သင် ကြားပေးမည် ဖြစ်သည်။

Company to Company စီးပွားရေးပေးစာ၊ပြန်စာရေးနည်းများ၊ စေ့စပ်ဆွေးနွေးပွဲများ၊ စားပွဲဝိုင်းများတွင် အသုံးပြုသည့်အင်္ဂလိပ်စာများကိုအထူး အလေးထားလေ့ကျင့်ပေးလျက် ရှိရာ အမှတ်၁၈၀(ပထပ်)၃၈လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ ဖတ်ကြားစဉ်။ (၁၉၂)

သက္ကလ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလ အထကတွင် ၁၉၆၅မှ ၂၀၀၃ခုနှစ် အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့)နံနက်က သက္ကလ အထက၌ ကျင်းပမည်။ အသက် (၅၅)နှစ်နှင့် အထက် အပူဇော်ခံ ဆရာ ဆရာမများထံ ဖိတ်စာပို့ပြီး ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်လှူဒါန်းလိုသူများသည် ကိုမင်းအောင် ဖုန်း–၀၁–၂၄၇၁၃၉၈၊ ကိုခင်ကျော်ဝင်း ဖုန်း–၀၁–၅၄၈၀၂၅၊ ကိုစိုးဦး ဖုန်း–၀၅၂–၂၃၃၇၉၊ ကိုမြင့်ဇော် ဖုန်း–၀၉–၂၀၀၂၀၆၈တို့သို့ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (က–ပ)

ယနေ့ခေတ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ယနေ့ခေတ် ဘာသာစုံ ပညာရေး လမ်းညွှန်ဂျာနယ် အတွဲ ၂၊ အမှတ်၁၂ ကို ရွှေနန်းမှန်ကူစာအုပ်တိုက်၊ ဖုန်း–၂၄၅၀၂၄ က ဖြန့်ချိကြောင်းသိရသည်။ **(ယာပုံ)(က–ပ)**

ဓမ္မရတနာကျောင်းတိုက်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်း ပါဠိတက္ကသိုလ် ဓမ္မရတနာကျောင်းတိုက်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာသိရီ၏ သက်တော်(၆၈)နှစ်ပြည့် ဝိဇာတမင်္ဂလာဂုဏာပူဇာပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ ဓမ္မမင်္ဂလာ ဓမ္မာရုံတော်ကြီးတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ဗ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဝန်ကြီးချုပ်၏အထူးကိုယ်စားလှယ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr. Levan. Bang နှင့်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Pham Quang Khon လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်

ရန်ကုန် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၏ ကလေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ်တပ်မမှူးဗိုလ်မှူးကြီးလှဋ္ဌေးဝင်း၏ဇနီး ဒေါ်မာမာဝေ၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၏ ဇနီးများ၊ လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ တပ်မဌာနချုပ်လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၏ ဇနီးများ၊ ပြိုင်ပွဲဝင်ကလေးများနှင့် မိခင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆုရရှိသူကလေးငယ်များအား တပ်မမှူး၏ဇနီး ဒေါ်မာမာဝေက ဆုများပေးအပ်ချီးမြှင့်ပြီးနောက် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းအသီးသီး ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို သဒ္ဓါတရားရှေ့သွားပြုကာ လေးစားကြည်ညိုကြပါကုန်သော စေတနာရှင်ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ပြည်ထောင်စု မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး၌ ပခုက္ကူစာသင်နည်းကို ရှေးဦးစတင်နည်းသစ် တီထွင်တော်မူခဲ့သော ကျေးဇူးတော်ရှင်ရေစကြိုဆရာတော်ကြီးသည် လွန်ခဲ့သော ၁၂၆၅ ခုနှစ်က ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို တည်ထောင်တော်မူပြီး ဂိုဏ်းပေါင်းစုံမှ လာရောက်ကြသော စာသင်သားများကို လက်ခံလျက် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိတော်အဋ္ဌကထာကျမ်းစာများကို သင်ကြားပို့ချပေးခဲ့ရာ ပညာရှိသာသနာ့ဦးသျှောင် ဆရာတော်ကြီးများစွာ ပေါ်ထွန်းခဲ့သည်။ ယခုအခါ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသည် နှစ်ပေါင်း(၁၀၀)ပြည့်မြောက်တော့မည်ဖြစ်ရာ ဖေဖော်ဝါရီ ၉ ရက်၊ ၁၀ ရက်နှင့်၁၁ ရက်များတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပူဇော်ပွဲနှင့် ပခုက္ကူနိကာယ(၁၁)ကြိမ်မြောက် သံဃာသုံးထောင်ကျော် စည်းဝေး၍ ဩဝါဒခံယူပွဲကြီး ကျင်းပမည်ဖြစ်သည်။ ဂေါပကအဖွဲ့ ဖုန်း ၀၆၂-၂၁၁၅၉၊ အမှုဆောင် အဖွဲ့ ဖုန်း ၀၆၂-၂၁၉၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၃ ခုနှစ် ကျန်းမာရေးဦးစီးဌာန နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်၏ CVD Clinic Annual Co-ordination Meeting and Work-shop on CVD Control (BCLS) အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာသင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခင်မေစန်းက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် Central CVD Clinic ၏လက်ရှိအခြေအနေများကို ဒေါက်တာကျော်ဇေယျက ရှင်းလင်းတင်ပြပြီး ပြည်နယ်၊ တိုင်းအသီးသီးမှ မြို့နယ်အလိုက် အခြေအနေများကို တက်ရောက်လာကြသော ဆေးခန်းတာဝန်ခံများက တင်ပြကြသည်။ ဆက်လက်၍ အခြေခံအသက်ကယ်အထောက်အကူပြုစုနည်း ဗီဒီယိုအခွေကိုပြသကာ Medical အရုပ်ဖြင့် လက်တွေ့သင်တန်းပို့ချပြီး ဒေါက်တာ ဒေါ်ခင်မေစန်းက High Light on CVD Control and Advanced Management ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းအသီးသီးရှိ CVD Clinic များမှ ဆေးခန်းတာဝန်ခံ ၄၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၇)၏ ၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ လူမှုထူးချွန်ဆုရရှိသူ သတ္တမတန်း(ဘီ)မှ မောင်ရာဂျူးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်စိန်က ဂုဏ်ပြုဆုပေးအပ်စဉ်။ (၂၅၉)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးဆက်လက်ပေးပို့ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ ပါမောက္ခဒေါက်တာ အီယာကျူဒင်အာမက်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံ လှိုက်လှဲပျူငှာစွာ နှုတ်ခွန်းဆက်သရသည့်အတွက် မိမိများစွာကျေနပ် အားရမှုဖြစ်ရပါကြောင်း၊ မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များတွင် ပိုမိုကျစ်လျစ်ခိုင်မာလာမည်ဟု မိမိယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပြီး ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဝန်ကြီးချုပ် ခါလီဒါဇီယာထံမှ ဝမ်းမြောက်ဂုဏ်ယူကြောင်း လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံသမ္မတ မစ္စတာမာမွန်းအဗ္ဗဒူလ်ဂါယွန်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများထံသို့ မော်လ်ဒိုက်ဗ်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိနွေးထွေးစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းများ ပို့သပါကြောင်း၊ အဆွေတော် ကျန်းမာစေရန်နှင့် မြန်မာပြည်သူများ ဆက်လက်တိုးတက်သာယာဝပြောစေရန်အတွက် ဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာအေပီဂျေအဗ္ဗဒူကလမ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများထံ မိမိဆုမွန်ကောင်းများ ပို့သပါကြောင်း၊ မိမိတို့အိမ်နီးချင်း နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု ခိုင်မာပြီး အဆွေတော်၏နိုင်ငံ ဆက်လက်၍ ငြိမ်းချမ်းပြီး တိုးတက်ကြီးပွားစေရန် မိမိဆုတောင်းပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန် မိမိဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ ၄ရက်က ဘဂ္ဂဒက်မြို့အပြင်ဘက် လမ်းမကြီးတစ်ခုတွင် သွပ်ဆူးကြိုးများချထားပြီး လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာလက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

ဘဂ္ဂဒက်ဆင်ခြေဖုံး၌လည်း ဟမ်းဗီးယာဉ် တိမ်းမှောက်မီးလောင်

တီကရစ် ဇန်နဝါရီ ၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့တွင် ဖြစ်ပွားရန်အလားအလာရှိသော တင်းမာမှုများကို ထိန်းချုပ်ရန် ကြိုးပမ်းစဉ် အီရတ်နိုင်ငံ ဘာလက်မြို့ရှိ အမေရိကန်စစ်ဘက်ကို ပစ်မှတ်ထားပြီး အကြမ်းဖက်တိုက်ခိုက်မှုတွင် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက အတည်ပြုသည်။

အမေရိကန်တပ်ဖွဲ့ဝင် နောက်ဆုံး သေဆုံးမှုမှာ ဘဂ္ဂဒက်မြောက်ဘက် ၄၅မိုင်အကွာရှိ ဘာလက်မြို့၌ သောကြာနေ့က တိုက်ခိုက်မှုတွင်ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။

ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာ အနောက်ဘက်၌ ပစ်ချခံရပြီး မကြာမီ၌ ထိုသို့ ဘာလက်မြို့တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သေဆုံးသွားသဖြင့် မေ ၁ ရက်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်း သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် ၂၁၃ ဦး ရှိသွားပြီဖြစ်သည်။

ဒဏ်ရာရ

သောကြာနေ့၌ပင် ဘဂ္ဂဒက် အနောက်ဘက် ၆၂မိုင်ရှိ ရာမာဒီမြို့၏ အနောက်ဘက်၌ လောင်စာဆီ ယာဉ်တန်းတစ်ခုကို လက်နက်ငယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်ခဲ့သဖြင့် လူသုံးဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

တိုက်ခိုက်

ထိုနေ့၌ပင် ဘဂ္ဂဒက် တောင်ပိုင်း ဆင်ခြေဖုံး၌ အမေရိကန် ကင်းလှည့်တပ်ဖွဲ့ကို လက်နက်ငယ်များဖြင့် တိုက်ခိုက်သဖြင့် ဟမ်းဗီးစစ်ယာဉ် တိမ်းမှောက် မီးလောင်သွားရာ ထိခိုက်သေဆုံးမှုကို မသိရဘဲရှိသည်။ အီရတ်တို့တိုက်ခိုက်မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင်များသေဆုံးဒဏ်ရာရမှု ဆက်လက် ဖြစ်ပေါ်နေသည်။**(အင်တာနက်)**

ဘာဆာရာ၌ဗြိတိသျှတို့ ဖမ်းဆီးခဲ့သော အီရတ်လူငယ်ရှစ်ဦး ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်း နှိပ်စက်ခြင်းခံကြရ

လန်ဒန် ဇန်နဝါရီ ၄

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ ယမန်နှစ်က ဖမ်းဆီးခြင်းခံခဲ့ရသော အီရတ်လူငယ် ရှစ်ဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့ကြရာ အီရတ်လူငယ်တစ်ဦးသည် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း တနင်္ဂနွေနေ့ထုတ် ဗြိတိသျှသတင်းစာတစ်စောင်၌ ရေးသားဖော်ပြထားသည်။

ဒဏ်ရာရ

ညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသော ဘာဟာမူဆာဆိုသူ အီရတ်လူငယ်၏ အလောင်းကို မိသားစုထံ ပြန်ပို့ခဲ့ရာတွင် ဘာဟာမူဆာတစ်ကိုယ်လုံး၌ အတွင်းကြေဒဏ်ရာများ ရရှိထားပြီး သူ၏ နှာခေါင်းမှာလည်း ကျိုးနေခဲ့သည်။

ဘာဟာမူဆာနှင့် အခြားလူငယ် ခုနစ်ဦးသည် ၂၀၀၃ ခုနှစ် စက်တင်ဘာလ၌ ဖမ်းဆီးခြင်းခံ ခဲ့ရပြီးနောက် သုံးရက်ကြာမျှ စစ်ဘက်ဆိုင်ရာ၌ ဖမ်းဆီးထားခြင်း ခံခဲ့ရသည်ဟု အင်ဒီပင်းဒင့် သတင်းစာတွင် တနင်္ဂနွေနေ့က ရေးသားဖော်ပြခဲ့သည်။

တရားစွဲ

ထိုသို့ မူဆာသေဆုံးခြင်းအတွက် ဗြိတိသျှစစ်ဘက်အာဏာပိုင်များက မူဆာ၏မိသားစုကို လျော်ကြေးငွေ ဒေါ်လာ ၈၀၀၀ပေးရန် ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် မူဆာ၏မိသားစု ဆွေမျိုး များက ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနကို တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ထိုအမှုကိစ္စကို အသေးစိတ်ပြောဆိုရန် ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိ အမျိုး သမီးက ငြင်းဆိုခဲ့ပြီး သေဆုံးမှုကို စစ်ရဲအဖွဲ့က ဆက်လက်စုံစမ်းနေကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အမေရိကန်တပ်ဖွဲ့အတွက် ပစ္စည်းပို့ဆောင်သော ကုန်ရထား ပြောက်ကျားတို့၏တိုက်ခိုက်ခြင်းခံရပြီး လမ်းချော်တိမ်းမှောက်

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံအနောက်ပိုင်းတွင် ပြောက်ကျားများ၏တိုက်ခိုက် မှုခံရပြီးနောက် ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့၌ ပြောကြားသည်။

အဆိုပါရထားသည် ဟက်ဘာနီယာသို့အသွားတွင် သောကြာ နေ့၌ ပြောက်ကျားများက ဒုံးပစ်လောင်ချာ ဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အမှတ် (၈၂)လေကြောင်းချီတပ်မက သတင်းထုတ် ပြန်သည်။

ချုံခိုတိုက်ခိုက်

ပြောက်ကျားများသည် အမေရိကန်စစ်တပ်အတွက် ရိက္ခာပစ္စည်း နှင့် စစ်လက်နက်ပစ္စည်းများ ပေးပို့သော ကုန်ရထားများကို ယခင် က ချုံခိုတိုက်ခိုက်လေ့ရှိသည်။

သောကြာနေ့တွင် ယာဉ်တန်းဖြင့်သွားသော ရေနံတင်ကား တစ်စီးသည် ရာမာဒီအနီး၌ လမ်းဘေးထောင် ဗုံးပေါက်ကွဲထိမှန်ခံရပြီး မီးစွဲလောင်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ဖော်လူဂျာ၌ သောကြာနေ့ နေ့လယ်ပိုင်းတွင် အမေရိကန် ထောက်လှမ်းရေး ရဟတ်ယာဉ်တစ်စင်း ပစ်ချခြင်းခံရသဖြင့်လည်း အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရ ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဇန်နဝါရီ၃ ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပသော စပိန်လိဂ်ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာဆီယာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

(ယင်းပွဲတွင် ရီးယဲလ်မက်ဒရစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ သွားသည်။)

(ဓာတ်ပုံ-အင်တာနက်



အီရတ်နိုင်ငံအားကျူးကျော်မှုကို အကြောင်းပြု အရှေ့အလယ်ပိုင်းဒေသအတွင်း အုပ်ချုပ်မှုပုံစံပြောင်းရန်ကြိုးစား

ဘဂ္ဂဒက် ဇန်နဝါရီ ၄

ပြီးခဲ့သည့် ၂၀၀၃ခုနှစ်သည် အရှေ့အလယ်ပိုင်းဒေသ အတွင်း အပြောင်းအလဲများစွာ ဖြစ်ပွားခဲ့သောနှစ်ဖြစ်ပြီး အစ္စရေး၊ ပါလက်စတိုင်း ပဋိပက္ခပြေလည်စေရေး ကြိုးပမ်း မှုများ မအောင်မမြင် ဖြစ်ခဲ့ရသည်။

အဓိက အပြောင်းအလဲမှာ အီရတ်နိုင်ငံတွင် ဖြစ်ပွား ခဲ့ပြီး မော်ရိုကိုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၌ ဖြစ်ပွားခဲ့ သော အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုများလည်း အသက် ပေါင်းများစွာ ဆုံးရှုံးခဲ့သည်။

အီရတ်နိုင်ငံအား ကျူးကျော်မှုကို အကြောင်းပြုကာ အရှေ့အလယ်ပိုင်းဒေသအတွင်း အုပ်ချုပ်မှုပုံစံ ပြောင်းလဲရန် ကြိုးစားနေခြင်းဖြစ်ကြောင်း အာရပ်သံတမန်များနှင့် နိုင်ငံ ရေးသမားများက ယူဆကြသည်။

အီရတ်၏ အိမ်နီးချင်းဖြစ်သော ဆီးရီးယားကလည်း အမေရိကန်တို့၏ ဖိအားပေးမှုကို ကြုံကြိုက်ခံထားဆဲဖြစ်သည်။ ဒေသတွင်းမှာ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပြင်းထန်လျက်ရှိသည်။

အီရတ်နိုင်ငံ၏ အနာဂတ်သည် အခြေအနေများ ပြောင်းလဲရေးအတွက် အထောက်အကူပြုကောင်းပြုနိုင် မည်ဖြစ်သည်ဟု ဆိုသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

ဇန်နဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာရှိ မိုဆူးလ်မြို့၌ အမေရိကန်လေထီးတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၄ ရက်က အီရတ်နိုင်ငံဘာဆာရာမြို့တောင်ပိုင်းရှိ မြို့တော်ဝန်ရုံးရှေ့၌ အီရတ်ပြည်သူများက ဗြိတိသျှ တပ်များ အီရတ်၌ ရှိနေခြင်းမှာ မည်သို့မျှ အကျိုးမရှိဟု ပြောဆိုကာ ဆန့်ကျင်ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်များ၏ ကျူးကျော်မှုကြောင့် အီရတ်ပြည်သူများနေ့စဉ်နှင့်အမျှ အစားအစာပြဿနာကြုံနေ ဗြိတိသျှတပ်များ အီရတ်၌ရှိနေခြင်းမှာ မည်သို့မျှ အကျိုးမရှိဟု အီရတ်ပြည်သူများ ဆန္ဒပြပြောဆို

စိန်ပြောင်းများဖြင့်မဆင်မခြင်ပစ်ခတ်

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တို့၏ လူနေရပ်ကွက်များအတွင်း စိန်ပြောင်းများဖြင့် မဆင်မခြင် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

(ဝဲပုံမှာ ဇန်နဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ အာရပ် ဂျီဘိုယာဒေသရှိ နေအိမ်အပြင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သော စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲသည့် ကျင်းကြီးကို အီရတ်ကလေးငယ်များက ကြည့်ရှုနေကြစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရ

အီရတ်နိုင်ငံ တီကရစ်မြို့၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ပြောက်ကျားတို့က ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသွားပြီးနောက် သယ်ဆောင်သွားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၄ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့ရှိ ရေနံချက်စက်ရုံ မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသော မီးခိုးလုံးကြီးများကို အီရတ်တစ်ဦးက ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြည်တွင်းအခွန်များဦးစီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး နိုင်ငံတော်အကျိုးကြိုးပမ်းဆောင်ရွက်ကြရန်ဝန်ကြီးမှာကြား

ရန်ကုန် ဇန်နဝါရီ ၅

ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် ကိုးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို **ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍အမှာစကားပြောကြားသည်။ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းအသီးသီးရှိ ပြည်နယ်၊ တိုင်းအခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများ ရှာဖွေပေးရသည့်ဌာနဖြစ်၍ ပြည်နယ်နှင့်တိုင်းဦးစီးမှူးများအနေဖြင့် လျာထားချက်ပြည့်မီစေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းအလိုက် မိမိလက်အောက်ဌာန ဝန်ထမ်းများအား စွမ်းရည်ပြည့်ဝစေရေးနှင့် စည်းကမ်းတကျရှိရေးကို ဂရုပြုကြပ်မတ်နေရန်လိုအပ်ကြောင်း၊ အထူးသဖြင့် အခွန်ဆိုင်ရာမူဝါဒများကို နိုင်ငံတော်စီးပွားရေး ရည်မှန်းချက်များနှင့် လိုက်လျောညီထွေ ရှိစေရေးအတွက် ရှင်းလင်းလွယ်ကူသော အခွန်ကောက်ခံမှုဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝန်ထမ်းများသည် နိုင်ငံတော်က ယုံကြည်စွာ အပ်နှံထားသော လုပ်ပိုင်ခွင့်များနှင့်အတူ နိုင်ငံတော်၏အကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာမဉ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ) ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် ၂ လမ်း ရတနာမဉ္ဇူဓမ္မရိပ်သာ၌ ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကမ္မဋ္ဌာနာစရိယများက တရားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီအရောက် ရတနာမဉ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာအသင်းချုပ်မှ ကားဖြင့်ကြိုပို့ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

မြန်မာ့ဆန်စက်လုပ်ငန်းများပြပွဲနှင့်စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ (၂၀၀၄)ကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှုဇာတ်ဟိုဌာနတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဆန်စက်လုပ်ငန်းပြပွဲတွင် ပြည်တွင်းပြည်ပမှ ဆန်စက်လုပ်ငန်းရှင်များ၏ ဆန်စက်ရုပ်ပုံကားချပ်များနှင့် ဆန်စက်အပိုပစ္စည်းများကို ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

ဆန်စက်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းပညာများနှင့် ဆန်စက် အပိုပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကို လည်းကောင်း၊ အဆင့်မြင့်ဆန်များနှင့် အရည်အသွေးမီဆန်များ ကြိတ်ခွဲတင်ပို့ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ ဖွဲနုစားဆီထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကိုပါ ပြည်ပမှ ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက စာတမ်းများတင်သွင်းဖတ်ကြားကြမည်ဖြစ်ရာ အဆိုပါ စာတမ်းဖတ်ပွဲကို နေ့စဉ် နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ဇန်နဝါရီ ၉ ရက်မှ စတင်ပြီး ဟောပြောကြမည်ဖြစ်ရာစိတ်ဝင်စားသူများတက်ရောက်နိုင်ကြောင်းနှင့် သိလိုသည်များကို မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၅ ရက်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် အိမ်တွင်းမှု သိုးမွေးထိုးအထူးသင်တန်း သင်တန်းဖွင့်ပွဲကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

(နယ်စပ်/စည်ပင်)

▼ **မြန်မာ့ရုပ်ရှင်မှ**

"ကွဲပြားတဲ့ လူမှုဘဝ ပညာပေးဇာတ်ကားမျိုး ရွေးချယ်ရိုက်ကူးပါတယ်"
ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခိုင်

အစည်းအရုံး တည်ရှိရာ နေရာ၌ ဇန်နဝါရီ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုယ်တိုင်တက်ရောက်အားပေး ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ဒါရိုက်တာနောင်ထွန်းလွင်၊ ညီညီထွန်းလွင်ရိုက်ကူးသော ရွှေမှုန်ကြဲတဲ့မိုးကောင်ကင်ဇာတ်ကားဖြင့် အကယ်ဒမီရရှိသူ လူမင်းအား မေးမြန်းရာ"ရုပ်ရှင်ထူးချွန်ဆုဆိုသည်မှာ အနုပညာရှင်တိုင်း တပ်မက်ကြသည့် အရာဖြစ်ကြောင်း၊ အောင်မြင်တဲ့ အနုပညာရှင်ဖြစ်ဖို့ မလွယ်ကြောင်း၊ အကယ်ဒမီရဖို့လည်း မလွယ်ကြောင်း၊ (၁၀)နှစ်ကျော်ကြိုးစားပြီးမှ ဒီစင်မြင့်ပေါ်ရောက်ခဲ့လို့ ဝမ်းမြောက်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

တစ်ဖန် ဆန်ရေဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ဆုရရှိသူဦးညွန့်ဝင်းအားမေးမြန်းရာ"အကယ်ဒမီရတဲ့ မျိုးရယ်လို့တော့မဟုတ်ပါဘူး၊ ဘယ်ကားကိုရိုက်ရိုက် ကြိုးစားပြီး ရိုက်တယ်၊ အကယ်ဒမီဆိုတာ ဘက်စုံထူးချွန်မှ ရနိုင်ကြောင်း၊ ဘယ်ကားပဲဖြစ်ဖြစ် ကြိုးစားပြီး ကိုယ်ကျရာ အခန်းက အကောင်းဆုံးဖြစ်အောင် ကြိုးစားရင် အကယ်ဒမီဆိုတာ ရနိုင်ပါကြောင်း" စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆန်ရေဇာတ်ကားဖြင့် ဒါရိုက်တာဆုရရှိသူ ဦးကြည်စိုးထွန်းအား မေးမြန်းရာ "ကြိုးစားထားတာလေးတွေ အကောင်အထည်ပေါ်လာလို့ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောကကြီး စည်ပင်ဖွံ့ဖြိုးအောင် ကြိုးစားမည်ဖြစ်ကြောင်း၊ အကယ်ဒမီဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်လက် ကြိုးစားသွားဦးမည်ဖြစ်ကြောင်း၊ အဓိကကတော့ မြန်မာ့ရုပ်ရှင်လောကကြီး မြင့်မားလာဖို့သာ အဓိကဖြစ်ကြောင်း"စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် ငါသူတစ်ပါး ယောကျ်ားမိန်းမဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ ခင်ဇာခြည်ကျော်အား မေးမြန်းရာ "ဇာတ်ရုပ်နှစ်ရုပ်ဖြင့် သရုပ်ဆောင်ထားကြောင်း၊ ဆင်းရဲတဲ့ သက်ဝေအဖြစ်တစ်ဖုံ၊ သုန္ဒရီဆိုတဲ့ ဘာမှမလိုချင်တဲ့ဘဝ တစ်သွယ်ပေါ့၊ အဲဒီအထဲက သက်ဝေလိုဘဝမျိုး အရင်က သရုပ်ဆောင်ဖူးသော်လည်း သုန္ဒရီလို သီလရှင်ဘဝလို ရိုက်ကူးရတာ၊ သီလရှင်ရဲ့ဝိနည်းနဲ့ညီအောင် ကျင့်ကြံပုံများကိုရိုက်ကူးရတာ ခက်ခဲကြောင်း၊ အဲဒီ ဇာတ်ရုပ်နှစ်ရုပ်ကို ပီပြင်အောင်သရုပ်ဆောင်ပေးနိုင်လို့ အကယ်ဒမီဆု ချီးမြှင့်ပေးအပ်ခြင်းခံရတာဖြစ်နိုင်ကြောင်း" ပြောကြားသည်။

ထို့နောက်ငါသူတစ်ပါးယောကျ်ားမိန်းမ ဇာတ်ကားဖြင့် ဒါရိုက်တာဆုရရှိသူ အကယ်ဒမီ ပန်းချီစိုးမိုးအား မေးမြန်းရာ "ဝတ္ထုကို ဝတ္ထုအတိုင်း ကြိုးစားထားကြောင်း၊ ယင်းဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ပီပြင်အောင်ကြိုးစားကြောင်း၊ အတတ်ပညာပိုင်းဖြစ်သော ရုပ်၊ အသံ၊ ဂီတ စတာတွေကိုလည်း တစ်ခုချင်းစီကောင်းအောင် ကြိုးစားကြောင်း၊ တစ်ဖန်ဇာတ်ကောင်ပိုင်းမှာလည်း တစ်ဦးချင်းစီ အရည်အချင်းပြည့်ဝအောင် စီစဉ်ညွှန်ကြား ပြသပေးခဲ့ကြောင်း၊ အတတ်ပညာပိုင်းရော၊ အနုပညာပိုင်းပါ မလစ်လပ်ရအောင် အထူးကြိုးစား ရိုက်ကူးခဲ့ကြောင်း" စသည်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ယင်းနောက် ငါ သူတစ်ပါး ယောကျ်ားမိန်းမ ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆု ရရှိသူ မဆင့်ခေါ်မေသန်းနုအား မေးမြန်းရာ ကြိုးစားသရုပ်ဆောင်ခဲ့ကြောင်း၊ ပရိသတ်ကလည်း လက်ခံပြီး နိုင်ငံတော်က ယခုလို ဆုချီးမြှင့်တဲ့အတွက် ဝမ်းသာပါကြောင်း၊ ဇာတ်ဆောင်မှမဟုတ်ဘဲ ဇာတ်ပို့ဖြစ်ဖြစ်၊ ဇာတ်ဆောင်ဖြစ်ဖြစ် ကျတဲ့နေရာက အကောင်းဆုံး သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ယင်းမှဆက်လက်၍စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးမှ ဆန်ရေဇာတ်ကားဖြင့် ဇာတ်ကားဆုရရှိသူ ဒေါ်မြင့်မြင့်ခိုင်အား မေးမြန်းရာ"အကယ်ဒမီရဖို့ချည်း ရိုက်ကူးတာမဟုတ်ပါကြောင်း၊ချစ်ကြိုက်ညားဇာတ်လမ်းများထဲမှ ခွဲထွက်ပြီး ကွဲပြားတဲ့ လူမှုဘဝ ပညာပေး ဇာတ်ကားမျိုးကို ကြိုးစားရွေးချယ်ရိုက်ကူးခဲ့ပါကြောင်း၊ ဒါရိုက်တာကလည်း အစွမ်းကုန် ကူညီ၊ အနုပညာရှင်အားလုံးက ဝိုင်းဝန်းကြိုးပမ်းခဲ့လို့ ဒီကားမှာ အကယ်ဒမီဆု ရရှိခဲ့ပါကြောင်း၊ နောင်တွင်လဲ ဆက်ပြီး ကားကောင်းများ ရိုက်ကူးသွားရန် စီစဉ်လျက်ရှိကြောင်း" စသည်ဖြင့် ပြောကြားသွားသည်။

(မြန်မာ့အလင်း)

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)က ဖေဖော်ဝါရီ ၂၂ ရက် တနင်္ဂနွေနေ့တွင် အကြိမ်(၄၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၌ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ကျိုက္ကလော့ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ၊ ဂန္ထဝါစက ပဏ္ဍိတ ဉာဏာဝရာဘိဝံသ၊ အရှင်ဣန္ဒက သာရာဘိဝံသတို့အား ဂုဏ်ပူဇော်မင်္ဂလာပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဇရာဝတီတိုင်းဓမ္မာရုံတွင် နံနက် ၈နာရီ၌ကျင်းပရန် စီစဉ်ထားသည်။

ဂုဏ်ပူဇော်မင်္ဂလာပွဲသို့ လှူဒါန်းလိုသူများသည် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်ဘိုးဘွားများနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရအသင်းဝင်သားသမီးများ၏ ပညာရည်ချွန်ဆုရရှိသူများ စာရင်းကို ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍အသင်းဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၅၁၀၆၁၇၊ ၅၁၀၃၆၇၊ အတွင်းရေးမှူး ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘမြင့်သူ ဖုန်း-၆၁၀၀၀၄ နှင့် ဦးသိန်း ဖုန်း- ၅၈၄၁၉၁ တို့သို့ စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

၂၀၀၄ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ၂၀၀၃ခုနှစ်မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသည့် ပို့ဆောင်ရေးအသင်းအားဆုယူအပြီးတွေ့ရစဉ်။

(မြန်မာ့အလင်း)

ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် ရွှေပေါက်ကံမြို့သစ်(၂၁)ရပ်ကွက်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရွှေပေါက်ကံမြို့သစ် ကွပ်ကဲရေးမှူးရုံး တာဝန်ခံ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်ရီရီရှိန်က စာဖတ်ရခြင်းနှင့် စာကြည့်တိုက်ဆိုင်ရာများ ဟောပြောပြီး ပညာ့အလင်းရောင်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးသည်။ **(က-ပ)**

အကျဉ်းဦးစီးဌာန လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက် ၆ နာရီက အင်းစိန်မြို့ ကန်သာယာ အားကစားပြိုင်ကွင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဘမြင့်နှင့်ဇနီး ဒေါ်ညိုညိုသန်းတို့က တက်ရောက်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲအသီးသီး၏ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံ ထုတ်လွှင့်မှုများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းနှင့် စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က ရေကူးအသံလွှင့်စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံ၏ မြေဧရိယာအတွင်း စက်ရုံအဆောက်အအုံနှင့် အင်တင်နာတိုင်များ တည်ဆောက်ထားရှိမှု အကွက်ချပုံစံ၊ စက်များ အလှည့်ကျစနစ်ဖြင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေမှု အခြေအနေ၊ စက်များ၏သက်တမ်းနှင့် လက်ရှိလွှင့်အားအခြေအနေ၊စက်များ၏ ကြံ့ခိုင်မှုနှင့် ပြုပြင်မှုအခြေအနေများ၊ စက်ရုံဝင်းအတွင်းလုံခြုံရေးဆောင်ရွက်ထားမှုနှင့် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးစီမံချက် ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ထားရှိမှု တို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မှာကြားရာတွင် ရေဒီယိုထုတ်လွှင့်မှုကို တတ်နိုင်သမျှအဆက်မပြတ်ထုတ်လွှင့်နိုင်ရေးအတွက် စက်များ၏ ကြံ့ခိုင်ရေးကိုနေ့စဉ်၊ အပတ်စဉ်၊ လစဉ် အလေးထားဆောင်ရွက်သွားရန်၊ စက်များ၏ လွှင့်အားကို လျော့ကျမသွားအောင် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရန်၊ စက်များ ပြင်ဆင်မှုကို ပြည်တွင်း၌ ထုတ်လုပ်သော စက်အပိုပစ္စည်းများဖြင့် ပြည်တွင်း၌သာ ပြုပြင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ရေဒီယိုလွှင့်ထုတ်မှုများကို ဦးတည်ထုတ်လွှင့်သော နယ်မြေများ၌ ရှင်းလင်းပြတ်သားစွာ ဖမ်းယူနားထောင်နိုင်ရေး ဆောင်ရွက်သွားရန်၊ စက်ရုံအဆောက်အအုံ ပတ်လည်နှင့် မီးဘေးအန္တရာယ်ဖြစ်နိုင်သော နေရာများကို ဦးစွာရှင်းလင်းပြီးမှ စက်ရုံဝင်းအတွင်း မြက်ပင်၊ ချုံနွယ်များကို အကွက်ချရှင်းလင်းသွားရန်၊ အသုံးပြုနိုင်သည့် မီးသတ်ဆေးဘူးများ လုံလုံလောက်လောက် ထားရှိပြီး ဝန်ထမ်းတိုင်း အသုံးပြုတတ်အောင် ပြသလေ့ကျင့်ထားရန်၊ မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်မှုများတွင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ကြံ့ခိုင်ရေး

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများသည် ရေကူးအသံလွှင့် စက်ရုံအတွင်း အသံလွှင့်လုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်များကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

လွတ်လပ်ရေးနေ့ပြပွဲ ခင်းကျင်းပြသရခြင်းမှာ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရန်၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်အတွက် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီကာ ကိုယ့်ထီးကိုယ့်နန်းနှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီးနောက် လွတ်လပ်ရေး ပြန်လည်ရရှိအောင်တိုင်းရင်းသားအပေါင်းတို့ ရရာလက်နက် စွဲကိုင်တော်လှန်ခဲ့ကြရကြောင်း၊ ထို့ကြောင့် ပြည်သူအပေါင်း လွတ်လပ်ရေးကိုမြတ်နိုးပြီး ထိန်းသိမ်းကာကွယ်လိုစိတ် ပြင်းပြလာစေရေးအတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့ပြပွဲကို ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

မြန်မာ့မျိုးချစ်များ

ထို့နောက် ရှေးဟောင်း ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော် ပြခန်းတာဝန်ခံ ဦးသန်းဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်) အား ပြခန်းနှင့်ပတ်သက်၍ မေးမြန်းရာ ပြကွက်ကို မြန်မာနိုင်ငံတွင် ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိပုံနှင့် လာရောက်လေ့လာကြည့်ရှုသူ ပြည်သူများအတွက် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အထောက်အထားများကို ပြပွဲသို့လာရောက်သူများ ဗဟုသုတရရှိစေရန်၊ သမိုင်းစဉ်တစ်လျှောက် အမိမြန်မာနိုင်ငံတော်ကြီး သူတစ်ပါးလက်အောက် မကျရောက်စေရန် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ခဲ့ရပုံများ၊ လွတ်လပ်ရေးကို အသက်သွေးပေါင်းမြောက်မြားစွာ ပေးဆပ်ကြိုးပမ်းရယူခဲ့သည့် မျိုးချစ်သူရဲကောင်းများကို ပြည်သူများသိရှိစေရန် ရည်ရွယ်၍ပြထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိန်းသိမ်းကာကွယ်

ဆက်လက်၍ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်းနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများပြကွက်ရှိ တာဝန်ရှိသူတစ်ဦးအားမေးမြန်းရာ ယနေ့ခေတ်လူငယ်များနှင့် ပြည်သူများ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသဖြင့် သူ့ကျွန်ဘဝရောက်ရှိခဲ့ရသည့် ပြည်သူတို့ဘဝ၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန် စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်ရန်လိုအပ်ပုံ စသည်တို့ကို သိရှိစေရန်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနပြခန်းများတွင် စက်မှု(၁)ဝန်ကြီးဌာနပြခန်းတာဝန်ခံ ဦးပွင့်လန်းက ပြောကြားရာတွင် စက်မှု(၁)ဝန်ကြီးဌာန ပြခန်းတွင် ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများသိရှိစေရန်၊ စက်မှု(၁) ဝန်ကြီးဌာနထုတ်ပစ္စည်းများသည် စံချိန်စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်သောပစ္စည်းများဖြစ်သည်ကို ပြည်သူများသိရှိစေရန်ဖြစ်ကြောင်း ပြောကြားသည်။

စက်မှု(၂)ဝန်ကြီးဌာန ပြခန်းတာဝန်ခံဒေါ်ခင်ဝင်းမြင့်ကလည်း စက်မှု(၂) ဝန်ကြီးဌာနမှထုတ်လုပ်သည့် ပစ္စည်းများသည် နိုင်ငံခြားစံချိန်မီအရည်အသွေး

ကောင်းမွန်သည့် ပစ္စည်းများဖြစ်သည်ကို ပြည်သူများသိရှိစေရန် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနပြခန်းတာဝန်ခံ ဦးတင်ဝင်းကလည်း ပြည်သူလူထုအတွက် ခေတ်မီဆက်သွယ်ရေးနည်းပညာနှင့် စက်ကိရိယာများအသုံးပြုပြီး ပြည်သူများအတွက် တိုးတက်ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနေသည်ကို ပြပွဲလာပြည်သူများ သိရှိစေရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြပွဲသို့ ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ လာရောက်လေ့လာကြသည်။ ညောင်တုန်းမြို့နယ် စကြော့ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးမြင့်ဆွေ ခေါင်းဆောင်သော ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့မှ အဋ္ဌမတန်း ကျောင်းသား မောင်ရဲစိုးစိုးဦးကို မေးမြန်းရာ ရရှိပြီးသော လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးရန် ပြည်သူ့အားလုံးတွင် တာဝန်ရှိပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ပြပွဲသို့ လာရောက်ကြည့်ရှုသူ ရန်ကုန်မြို့ လှိုင်မြို့နယ်မှ စက်ချုပ်အလုပ် လုပ်ကိုင်သူ မနန္ဒာအောင်အားမေးမြန်းရာ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးသည် အရေးကြီးပါကြောင်း၊ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် ထိန်းသိမ်းကာကွယ်ရန် လူတိုင်းတွင် တာဝန်ရှိပါကြောင်း၊ ပြပွဲသို့ လာရောက်ကြည့် ရှုရသဖြင့် လွတ်လပ်ရေးကို မြတ်နိုးစိတ်၊ ထိန်းသိမ်းကာကွယ်လိုစိတ် ပြင်းပြစွာဖြစ်ပေါ်ရကြောင်း၊ မိမိသားလေးကြီးပြင်းလာလျှင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့် စစ်ဗိုလ်ကြီး လုပ်ခိုင်းမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲသို့ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ၊ ရဟန်းရှင်လူများဖြင့် စည်ကားလျက်ရှိရာ လွတ်လပ်ရေးကို ချစ်မြတ်နိုးသူများအတွက် သွားရောက်လေ့လာကြည့်ရှုရန် အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသည့် စကြော့ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဦးမြင့်ဆွေ ခေါင်းဆောင်သည့် ကျောင်းသားကျောင်းသူများအဖွဲ့ လေ့လာကြည့်ရှုစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကာကွယ်ခဲ့

သမိုင်းစဉ်တစ်လျှောက် လွတ်လပ်ရေးကို သက်စွန့်ကြိုးပမ်းရယူ ကာကွယ်ခဲ့ရပုံများကို တိုင်းရင်းသားပြည်သူများသိစေလို။
ဦးသန်းဝင်း(ပြကွက်တာဝန်ခံ)
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၆–၁–၂၀၀၄ (အင်္ဂါနေ့)
၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်နေ့
(ဥပုသ်နေ့)

နံနက်ပိုင်း၊

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အရေးပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	ဖောင်းကတောရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar Made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၇:၃၀	၇။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၉။	ညနေခင်းသတင်း
၁၉:၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၁။	Milo Success in Soccer
၁၉:၁၀	၁၂။	၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်(အပိုင်း–၂)
၁၉:၂၀	၁၃။	ထွန်းလင်းရောင်ဝါ သာသနာ (အပိုင်း–၂)
၁၉:၄၀	၁၄။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှ "ကျေးလက်မြို့ပြ တူမျှအလေးပေး အမျိုးသားကျန်းမာရေး"
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **" တုံ့မယူလို "** (အပိုင်း–၁၀)
	၁၉။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်အခမ်းအနားတွင် သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးမှာ ဆိုင်ရာဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းနေစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍစုံတွင် ကြီးမားကျယ်ပြန့်သည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်၊ တစ်ချိန်တည်းမှာပင် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသည့် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန် ဆိုသည့် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးစီမံကိန်းအဆင့်ဆင့်ကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများနှင့် သက်ဆိုင်သည့် အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားစီမံကိန်းများနှင့်ပတ်သက်ပြီးပြောရလျှင် အခြေခံပညာကဏ္ဍက တစ်နှစ်ချင်း အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှုအစီအစဉ်(တတိယ)အဆင့် ရောက်ရှိသည့်အချိန်တွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ စနစ်တကျချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်)ကို အဆင့်မြင့်ပညာကဏ္ဍမှာ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၌ တက္ကသိုလ်နှင့် ကောလိပ်များတွင် ကွန်ပျူတာနှင့် အီလက်ထရွန်နစ် နည်းပညာ အခြေပြုသည့် ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်ဓာတ်ခွဲခန်းများ၊ သုတေသနဌာနများ၊ နိုင်ငံတကာအဆင့်မီ အီလက်ထရွန်နစ် နည်းပညာအခြေပြုစာကြည့်တိုက်များကိုထူထောင်ပြီး မျိုးဆက်သစ် တက္ကသိုလ်၊ကောလိပ် ကျောင်းသူကျောင်းသားများကို နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထူးအလေးထား စီမံဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတကာပြစ်ရပ်ပြစ်ခဲ့များကို မပြတ်သောအမျိုးသားရေးသတိဖြင့်ရှုမြင် နိုင်ငံနှင့်လူမျိုးရေရှည်အကျိုးစီးပွားမထိခိုက်မနစ်နာစေရေးအောင်ကာကွယ်စောင့်ရှောက်

● *ရှေ့ဖုံးမှ*

အဆိုပါ သင်တန်းဖွင့်အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမျိုးသားရေးလိုအပ်ချက်

သင်တန်းဖွင့်အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွားထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူကျောင်းသားလူငယ်လူရွယ်များအား နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာ စွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ရန်သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း။

အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးမှာလည်း မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ်ကျောင်းသူကျောင်းသားဘဝကစတင်ပြီး တက္ကသိုလ်၊ကောလိပ်များကနေ ဘွဲ့ဒီဂရီရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာဆရာဆရာမများ၊ တက္ကသိုလ်နှင့်ကောလိပ် ဆရာဆရာမများ၏အခန်းကဏ္ဍသည် အလွန်ပင်အရေးပါလှကြောင်း။

ယခုလို မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်ပေးနေသည့် ဆရာဆရာမများအနေဖြင့် နိုင်ငံတကာ အခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ရှေ့အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာမျှော်မှန်းချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး ပီပြင်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ထို့ကြောင့်လည်း ဆရာဆရာမများ အထူးမွမ်းမံ သင်တန်းများကို နိုင်ငံတော်အစိုးရက အလေးထား ဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ်၊ကောလိပ် ဆရာဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာမများအတွက် သင်တန်း ၅၄ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရမည်ဆိုသည့် သဘောထားခံယူချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုကို တစ်နိုင်ငံလုံး ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် အသစ်တိုးပွားလာသော တက္ကသိုလ်၊ကောလိပ် ဆရာ ဆရာမများ၊ အဆင့်ဆင့်ရာထူးတိုးမြှင့်လာကြသည့် တက္ကသိုလ်၊ကောလိပ်ဆရာမများ တိုးတက်များပြားလာသည့်အလျောက် တက္ကသိုလ်၊ကောလိပ်ဆရာမများ၏ အထူးမွမ်းမံသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရခြင်းပင် ဖြစ်ကြောင်း။

(၂၁)ရာစုသို့ ကူးပြောင်းဝင်ရောက်နေသည့် ယနေ့အချိန်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် မှန်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲနေသလို ယခုတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာပညာရပ်နယ်ပယ်မှာသာ ရပ်တန့်မနေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှု စသည့် အခြားသော ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးကိုပါ တွင်ကျယ်လွှမ်းမိုးပြီး အပြန်အလှန်ဆက်စပ် ပြောင်းလဲဖြစ်ပေါ်စေလျက်ရှိနေသည့်အတွက် ပညာရှင်များသည်လည်း မိမိတို့သက်ဆိုင်ရာ ပညာရပ်နယ်ပယ် ကွက်ကွက်ကလေးမှာသာ နစ်မြုပ်မြုပ်နှံနေလို့ မရနိုင်တော့သည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ယခုလို ပညာရေးကိုဗဟိုပြုပြီး လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် ပိုင်ဆိုင်ထားမှသာ ယနေ့နိုင်ငံတကာမှာ ကြုံတွေ့နေရသည့် စိန်ခေါ်မှုအမျိုးမျိုးနှင့်တကွ အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

အမျိုးသားရေးမျှော်မှန်းချက်

ယခုလို ပညာရေးဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးရမည့် အခြေအနေအချိန်အခါတွင် ဆရာဆရာမတို့လို ပညာရှင်များအနေဖြင့် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအလျဉ်မှာ မျက်ခြည်မပြတ်လိုက်ပါနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်တို့ကိုလည်း နားလည်သဘောပေါက်ပြီး ဤအမျိုးသားရေး မျှော်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာအောင် ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် အထောက်အကူပြုနိုင်ရမှာဖြစ်ကြောင်း။

အလားတူပင် ဆရာ ဆရာမတို့အနေဖြင့် မိမိတို့၏တပည့် ကျောင်းသူကျောင်းသား လူငယ်လူရွယ်များကို ဤသဘောထား ခံယူချက်နှင့်အညီ ပြုစုပျိုးထောင်ပေးသွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏အနာဂတ် အလားအလာ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊

အထူးသဖြင့် ခေတ်မီသတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို အခြေခံပြီး ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုသည့် e-Learning Centre များ၊ Resource Centre များ ထူထောင်မှုကို စနစ်တကျ စတင်ခဲ့သည့်အတွက် ၂၀၀၁ ခုနှစ်၏ နှစ်ဆန်း၁ရက်တွင် e-Education System ကို မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်အထိ တိုးတက်ဖြစ်ထွန်း လာခဲ့သည်ကို တွေ့နိုင်ကြောင်း။

နှစ်(၃၀)ပညာရေးစီမံကိန်း

၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏ စိုက်ပျိုးရေး၊စက်မှု၊သတ္တု၊စွမ်းအင် စသည့် စီးပွားရေးစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ ပညာရေး၊ကျန်းမာရေး၊လူမှုရေးကဏ္ဍများမှာပါ အနာဂတ်အမျိုးသားရေး အကျိုးစီးပွားကို မျှော်မှန်းသည့် အနှစ်(၃၀)နှစ်ရှည် စီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်လုပ်ငန်းများနှင့် ချိတ်ဆက်ပြီး အမျိုးသားပညာ ရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည် ပညာရေးစီမံကိန်းကို စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်ကာလတွင် ပညာရေးကဏ္ဍကို အလေးထားအားပေးဆောင်ရွက်ပေးနိုင်မှုကြောင့် ယခင်က တက္ကသိုလ်နှင့်ကောလိပ် ၃၂ ခုသာ ရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်နှင့်ကောလိပ် စုစုပေါင်း ၁၅၄ ခုထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ခြင်းကြောင့် လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

ကြားကွက်လပ်ကဲ့သို့ ကျန်နေသေးသည့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နေရာဒေသများကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး တက္ကသိုလ်များ၊ ကောလိပ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခင်က အဆင့်မြင့်ပညာသင်ကြားရေးမှာ အခက်အခဲရှိကြသည့် ကြားကွက်လပ်ဒေသက မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ရရှိစေခဲ့ကြောင်း။

ပညာရေးဆိုင်ရာအခြေခံကောင်း

ထို့ကြောင့် ယနေ့အချိန်အခါတွင် **“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့ကျင့်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်”** ဆိုသည့် မြန်မာ့ပညာရေး မျှော်မှန်းချက် အောင်အောင်မြင်မြင် အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေမည့် ပညာရေးဆိုင်ရာအခြေခံကောင်းများ ပညာရေးကဏ္ဍတစ်ခုလုံးတွင် စနစ်တကျဖြန့်ကြက်ဖြစ်ထွန်းနေပြီလည်း ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် Information and Communication Technology ခေါ်သည့် သတင်းနှင့်

ဆက်သွယ်ရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် Myanmar ICT Park နှင့် Mandalay ICT Park တို့ကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အတွက် ထူထောင်ထားရှိနိုင်ပြီဖြစ်သည့်အပြင် ICT Park များတွင် ICT နည်းပညာရပ်အမျိုးမျိုးကို တိုးမြှင့်အသုံးပြုနိုင်နေပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာလေ့လာသင်ယူရေးမှာရော၊ ပညာရေးစီမံခန့်ခွဲမှုစနစ်မှာပါ ICT နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ ၎င်းမှာ မြန်မာ့ပညာရေးမျှော်မှန်းချက် အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းရေးအတွက် ထုထည်ပမာဏကြီးမားသည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင် ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် Electronic Data Boradcasting System အသုံးပြုသည့် e-Learning Centre ၄၅၅ ခု၊ V-SAT System အသုံးပြုသည့်ဌာန ၄၄ ခု၊ Fibre Optic Network ကွန်ရက်စနစ် အသုံးပြုသည့်ဌာန ၁၁ ခု၊ iPSTAR Broadband System အသုံးပြုသည့်ဌာန ၂၀၊ Internet ဆက်သွယ်ထားသည့် အခြေခံကျောင်းပေါင်း ၁၀၀ ပါဝင်သည့် ပညာရေးကဏ္ဍက ဌာနပေါင်း၆၃၀ကို ချိတ်ဆက်ပေးသည့် ကွန်ရက်စနစ်တစ်ရပ်နှင့် ကြိုးမဲ့ဆက်သွယ်ရေးစနစ် အသုံးပြုပြီး Video Conferencing ပြုလုပ်နိုင်သည့် ဌာနပေါင်း ခုနစ်ခုတို့ကို မြန်မာနိုင်ငံတစ်လွှားတွင် ဖြန့်ကြက်ထူထောင်ထားနိုင်ပြီဖြစ်ကြောင်း၊ Video Conferencing ပြုလုပ်နိုင်သည့်ဌာနများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ကွန်ရက်စနစ်လွှမ်းခြုံထား

ယခု မြန်မာတစ်နိုင်ငံလုံးကို ICT နည်းပညာဆိုင်ရာ ကွန်ရက်စနစ်ဖြင့် လွှမ်းခြုံထားနိုင်သည့်အတွက် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ၊ မိမိနေထိုင်ရာဒေသကပင် အီလက်ထရွန်နစ် ကွန်ရက်စနစ်ထဲဝင်ပြီး လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိဖြစ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ လူပုဂ္ဂိုလ်ပေါင်းသုံးသိန်းခန့်သည် အိုးမကွာအိမ်မကွာ မိမိလေ့လာလိုရာ ပညာရပ်များကို ICT နည်းပညာဖြင့် လေ့လာခွင့်ရရှိခဲ့ပြီး အခြားရပ်ရွာဒေသ၌ သွားရောက်ပညာသင်ကြားရင်း ကုန်ကျမည့်ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်ငွေကျပ်သန်းပေါင်း ၄၄၃၀ သန်းကျော် အကုန်အကျသက်သာခဲ့သည်ဟု တွက်ချက်ရရှိခဲ့ကြောင်း။

ထို့အပြင် ပညာရေးကဏ္ဍဆိုင်ရာ သတင်းနှင့်စီမံခန့်ခွဲရေး Database များ ထူထောင်ထားနိုင်ပြီဖြစ်သလို အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ Home-page များကို Internet တွင် တင်ထားနိုင်ပြီဖြစ်သည့်အတွက် ဗဟုသုတလေ့လာရှာမှီးသူများရော၊ စီမံခန့်ခွဲသူများအတွက်ပါ လွန်စွာမှ လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း။

ယခုလို အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးတို့အတွက် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသူ ကျောင်းသားလူငယ်လူရွယ်များကို နိုင်ငံတော်၏ ပညာရေးဆိုင်ရာမျှော်မှန်းချက်များနှင့်အညီ ပညာရပ်ဆိုင်ရာတွင်သာမက စိတ်ဓာတ်ရေးရာပိုင်းအပြင် စရိတ္တနှင့်လူမှုကျင့်ဝတ်၊ လူမှုတာဝန်ဝတ္တရားများအပိုင်းမှာပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင်ဖော်ဆောင်ရေးမှာ ယနေ့ ကျောင်းသူကျောင်းသားလူငယ်လူရွယ်များကို ခေတ်မီအသိပညာ၊ အတတ်ပညာများ တတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာစွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားများကို စိတ်ထားဖြူစင်မြင့်မြတ်ပြီး ကိုယ်ကျင့်တရားဖြောင့်မတ်ခိုင်မာသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်အောင်၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများကို မြတ်နိုးလေးစားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင်၊ အထူးသဖြင့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် ဆရာ ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သည်လည်း ဖွံ့ဖြိုးဝေစည် ခိုင်ခံ့ထည်ဝါမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်အရှည်တည်တံ့ခိုင်ခံ့ရေး၊ သမိုင်းအစဉ်အဆက်က ဖြစ်ထွန်းခိုင်မာလာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးပွားခိုင်မာရေး၊ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေးတို့အတွက် တည်ငြိမ်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်ထားနိုင်စေရန် တစ်မျိုးသားလုံး စိတ်တူကိုယ်တူ ချီတက်လျှောက်လှမ်းကြရမည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ပံ့ပိုးမှုများစွာလို

တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်ခံ့သည့် အနာဂတ်ကို ဖော်ဆောင်တည်ဆောက်ပေးမည့် ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တိုင်းရင်းသားပြည်သူများအားလုံး၏ ညီညာတက်ကြွသည့် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှု၊ အမျိုးသားရေးအသိစိတ်ဓာတ်အပြည့်အဝဖြင့် ပံ့ပိုးထောက်ကူမှုများ များစွာလိုအပ်လျက်ရှိကြောင်း။

ဆရာ ဆရာမတို့လို ပညာရှင်အပိုင်းကလည်း ကျောင်းသူ ကျောင်းသားလူငယ်များနှင့်တကွ ပြည်သူအများက နိုင်ငံတကာအခြေအနေ၊ မိမိနိုင်ငံ၏ ပကတိအခြေအနေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများအရ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ကြီး ခုနစ်ရပ်သည်သာ တည့်မတ်ခိုင်မာသော အမျိုးသားရေးလမ်းကြောင်းမှန်ပင်ဖြစ်သည်ကို ပီပြင်ရှင်းလင်းစွာသိမြင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်လာကြစေရန်အတွက် စည်းရုံးဦးဆောင်ကြရန် လိုအပ်လျက်ရှိကြောင်း။

အထူးသဖြင့် နိုင်ငံတကာဖြစ်စဉ် ဖြစ်ရပ်များကို မပြတ်သည့် အမျိုးသားရေးသတိဖြင့်ရှုမြင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ရေရှည်အကျိုးစီးပွား မထိခိုက် မနစ်နာစေရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်၊ ဘေးပယောဂ သွေးထိုးသပ်လျှိုမှုများ၏ ဆိုးညစ်သောအရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှားနိုင်စေရန်အတွက် ကျောင်းသူကျောင်းသားများနှင့်တကွ ပြည်သူများအသိအမြင် ဗဟုသုတကြွယ်လာအောင်၊ အမျိုးသားရေးစိတ်ဓာတ် တက်ကြွမြင့်မားလာစေရအောင် ဆရာဆရာမများအားလုံးက စည်းရုံးဦးဆောင်ပေးကြရန် မှာကြားလိုကြောင်း။

အမျိုးသားရေးလမ်းကြောင်းမှန်

ထို့အပြင် တက္ကသိုလ်ကောလိပ်များမှ ဆရာ ဆရာမများအားလုံးအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာအလယ်မှာဂုဏ်သိက္ခာမြင့်မားထည်ဝါစွာရပ်တည်နိုင်ရေးတို့အတွက် မျိုးဆက်သစ်လူငယ်များ၏ ပဓာနကျသောအခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းသိမြင်ပြီး မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသား လူငယ်များကို အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့်ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို တည်ဆောက်အံ့" ဆိုသည့် မြန်မာ့ပညာရေးဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် ပညာရှင်များအဖြစ်နှင့် အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဤသင်တန်းမှာ ဆွေးနွေးပို့ချပေးမည့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်၊ နိုင်ငံတကာ၏ အခြေအနေစုံနှင့် သိသင့်သိအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအကြောင်းရာစုံကို စိတ်ဝင်တစား လေ့လာကြပါ၊ ဆွေးနွေးကြပါ၊ မှတ်သားသွားကြပါ**

ဟုတိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက်၁၀နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၁၄၉၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်း ကလေးမြို့ ဓမ္မာရုံကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေဟောင်းသမိုင်းဝင် (စကားလှဘုရားကြီး)၏ပွဲတော်အကြိုပွဲအဖြစ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ယခုနှစ်တွင် မိုးကုတ်ဝိပဿနာ နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသြဘာသနှင့် ဦးပညောဘာသတို့ကြွရောက်၍ ဇန်နဝါရီ ၁၁ ရက်မှစ၍ ကလေးမြို့ ဓမ္မာရုံကျောင်း စကားလှဓမ္မဗိမာန်တော်ကြီးတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်မှစ၍ ကလေးမြို့နယ် မြောက်စည်းကျေးရွာ ပဋ္ဌာန်းဗိမာန်တော်ကြီးတွင်လည်းကောင်း တရားပြ၊ တရားဟော၊ တရားအားထုတ်ခြင်းများ ပြုလုပ်မည်ဖြစ်၍ ကလေးမြို့ စကားလှဓမ္မာရုံကျောင်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

စိန့်မေရီဒိုင်ဟိုစီဇင် ကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းတည့် ၁၂နာရီတွင် Holy Trinity Church တွင် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ဇန်နဝါရီ၃ရက်က လှိုင်သာယာမြို့နယ် အထက(၁)၏ ပညာရေးစုံညီပွဲတော်ကျင်းပရာ မိဘ၊ ဆရာများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာတက်ရောက်ကြပြီး အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းက ထူးချွန်ဆု ချီးမြှင့်စဉ်။ **(က-ပ)**

စီးပွားကူးသန်း ရေသိုလှမ်း

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်အား ဗီယက်နမ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာလီဗန်ဘမ်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဇေယျာဝတီခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အရှေ့တောင်အာရှဌာန ညွှန်ကြားရေးမှူး ဦးအောင်သန်းတို့ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ၆နာရီတွင် ၂၀၀၂ ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသော ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ဂုဏ်ပြုပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်က ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲတွင် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ ဂီတလုလင်ဦးကိုကို၊ အကောင်းဆုံး အသံထူးချွန်ဆုရ ဖိုးထောင်၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ကျောက်ဖြူ(ပဒေသာ)နှင့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ ခင်မောင်ကြီးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်နိုင်က အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရ ဒါရိုက်တာပန်းချီစိုးမိုး၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ညွှန့်ဝင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ ခင်ဇာခြည်ကျော်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုရ ငြိမ်းမင်းနှင့် အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုရ ဇော်မင်း(ဟံသာမြေ) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၂) ဦးလှမျိုး (အေဝမ်းမောင်လှမျိုး)က အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရ ဒါရိုက်တာကြည်စိုးထွန်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ လူမင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရ မေသန်းနု၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုများရရှိကြသည့် "ငါ သူတစ်ပါး ယောကျာ်းမိန်းမ" ဇာတ်ကားထုတ်လုပ်သူ ဒေါ်စမ်းစမ်းဆွေ (ကြယ်တံခွန် ရုပ်ရှင်ထုတ်လုပ်ရေး)နှင့် "ဆန်ရေ" ဇာတ်ကားထုတ်လုပ်သူ အကယ်ဒမီ မြင့်မြင့်ခိုင် (စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး)တို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ၂၀၀၂ ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသည့် အမျိုးသားရုပ်ရှင်ပညာရှင်များကိုယ်စား အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ အကယ်ဒမီ လူမင်းကလည်းကောင်း၊ အမျိုးသမီးရုပ်ရှင် ပညာရှင်များကိုယ်စား အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ အကယ်ဒမီမေသန်းနုကလည်းကောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂုဏ်ပြုပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သာမညတောင် မြိုင်ကြီးငူတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

သာမညဆရာတော်ကြီးကို အထူးပြုပူဇော်သောအားဖြင့် သာမညတောင်၏ ကျောင်းတော်ကြီးတွင် မြိုင်ကြီးငူဆရာတော်သည် ဗုဒ္ဓဟူးနေ့ နံနက်၁၀နာရီတွင် တရားဟောကြားမည်ဟု သိရှိရသည်။ **(က-ပ)**

ပညာရွှေတောင်စာအုပ်တိုက် အမှတ်၉၀/၉၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၄၂၈၃၃ က ထုတ်ဝေဖြန့်ချိသော မောင်မြင့်ကြွယ် ဘာသာပြန်ဆိုသည့် စိန်ကုန်သည် စာအုပ်မျက်နှာဖုံး။ (က-ပ)

ပြာသိုလပြည့်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၅

အနာဂါမ်ဆရာ သက်ကြီး ဝိပဿနာရှုမှတ်ပွားများနည်းများပြန့်ပွားရေးအဖွဲ့က ယောဂီဟောင်းများအတွက် အထူးတရားစခန်းကို ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီမှ စတင်၍ သန်လျင်မြို့ နာရီစင်အနီး ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာတွင် ကျင်းပမည်ဖြစ်သည်။ စခန်းဝင်မည့် ယောဂီများသည် တိုက်ရိုက်လာနိုင်သည့်အပြင် မင်္ဂလာဗျူဟာ အသင်းချုပ်သို့ ဖွင့်မည့်နေ့ ညနေ ၃ နာရီထက် နောက်မကျစေဘဲလာရောက်ကြရန်နှင့် ဖုန်း-၂၉၅၁၂၃ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ရွှေရောင်လွှမ်းတဲ့ မြန်မာ့ဝူရှူး

မင်းဦး

အရှေ့တောင်အာရှ၏ ဒေသဆိုင်ရာ အားကစားပြိုင်ပွဲများတွင် အကြီးကျယ်ဆုံးဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဗီယက်နမ်နိုင်ငံတွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် အားကစားနည်း ၃၂ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်း ၂၉ မျိုးတွင် ရွှေတံဆိပ် ၁၆ခု၊ ငွေတံဆိပ် ၄၃ ခုနှင့် ကြေးတံဆိပ် ၅၀ ခု၊ စုစုပေါင်း ၁၀၉ ခု ရရှိခဲ့သည်။ အားကစားနည်းငါးမျိုးမှ ရွှေ၁၆ခုကို ရရှိခဲ့ခြင်းဖြစ်ပြီး ထိုအားကစားနည်းများထဲမှ ယခုနှစ်ပိုင်းများအတွင်း အောင်မြင်မှုလှေကားထစ်ကို တစ်ထစ်ပြီး တစ်ထစ် တက်လှမ်းလာခဲ့သော မြန်မာဝူရှူးအဖွဲ့သည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခု စုစုပေါင်းဆုတံဆိပ် ၁၇ ခုရရှိ အောင်ပွဲဆင်နိုင်ခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ယခုနှစ်ပိုင်းများအတွင်း မြန်မာ့အားကစားလောကတွင် စံပြုအားထားရလောက်အောင် ဒေသဆိုင်ရာ ပြိုင်ပွဲများအပြင် ကမ္ဘာ့အဆင့်အထိပါ အချိန်တိုတိုဖြင့် ထိုးဖောက်နေရာယူ လွှမ်းမိုးနိုင်ခဲ့သည်ကို တွေ့ရသည်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်ဆိုသည့် ခိုင်မာမြင့်မားသည့် ခံယူချက်ဆောင်ပုဒ်ကို သရုပ်ဖော်ပေးနိုင်သည့် အားကစားအဖွဲ့ဟုပင် ဆိုနိုင်သည်။ မြန်မာဝူရှူး၏ သမိုင်းကို အကျဉ်းချုံးပြန်လည်ဖော်ပြရလျှင် ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ ချုပ်ကို စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၅ ခုနှစ်မှစတင်၍ နိုင်ငံတကာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုအချိန်ထိ နိုင်ငံတကာ ပြိုင်ပွဲ ပေါင်း ၁၂ပွဲမှ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၃၃ ခု၊ ကြေးတံဆိပ် ၃၆ ခု၊ စုစုပေါင်း ဆုတံဆိပ် ၉၇ခု ဆွတ်ခူးရရှိခဲ့သည်။ ထိုပြိုင်ပွဲများအနက် ၂၀၀၁ခုနှစ် အာမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် ကမ္ဘာ့ဝူရှူး တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု ရရှိခဲ့သော အောင်မြင်မှုကြောင့် ဝူရှူးအားကစားနည်းသည် မြန်မာတစ်နိုင်ငံလုံး၏ အသိအမှတ်ပြု အားပေးခြင်း ခံခဲ့ရသည်။ ဆက်တိုက်အောင်မြင်မှုများအနေဖြင့် ၂၀၀၃ ခုနှစ် မကာအိုဋ္ဌ ကျင်းပသော (၇)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက် ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခု ရယူခဲ့ပြန်သည်။ ဒေသဆိုင်ရာ အဆင့်မြင့်ဆုံး ပြိုင်ပွဲဖြစ်သော အရှေ့တောင်အာရှ အားကစားပွဲ (''SEA Games) ပြိုင်ပွဲများကိုလည်း ၁၉၉၇ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုနှစ်အထိ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမို၍ ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ မြန်မာဝူရှူးအဖွဲ့သည် မြန်မာ့အားကစားလောကတွင် အချိန်တိုတိုနှင့် အောင်မြင်မှုအရှိဆုံး အားကစားအဖွဲ့အဖြစ် အသိအမှတ်ပြုခံရခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်းသည် အားကစားအဆင့်အတန်းမြင့်မားမှုကို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်း ဖွံ့ဖြိုးမှု၏ပြယုဂ်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ အားကစားလောကအဆင့်အတန်းမြင့်မားရေးအတွက် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိကြသည်။ ယခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အားကစားသမားများအား ချီးကျူးဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **"အားကစားနည်းအလိုက်တာဝန်ယူ ဦးဆောင်ဦးရွက်ပြုနေကြသည့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၏ လူအား၊ ငွေအား၊ အကြံဉာဏ်အား၊ စီမံခန့်ခွဲမှုအားများဖြင့် ပံ့ပိုးကူညီမှုများမှာ အလွန်ပင် အားရဖွယ်ကောင်းလှသည်"**ဟု မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ကို ၁၉၉၃ခုနှစ် စတင်ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော ဦးခင်မောင်လေးသည် ဝူရှူးပြိုင်ပွဲများတွင် အောင်ပန်းဆင်နိုင်ရေးအတွက် စီမံခန့်ခွဲ အားစိုက်လုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ အောင်မြင်မှုများ ဆင့်ကဲရရှိခဲ့ခြင်းဖြစ်သည်။ဒေသ ဆိုင်ရာနှင့် ကမ္ဘာ့အဆင့်အပါအဝင် ဝူရှူးပြိုင်ပွဲများကို အာရှအငယ်တန်း ဝူရှူးတံခွန်စိုက်ပွဲ၊ အရှေ့တောင်အာရှ ဝူရှူးတံခွန်စိုက်ပွဲ (SEA Gamesတွင် ဝူရှူးပြိုင်ပွဲမပါလျှင် ကျင်းပသည်)၊ အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဝူရှူး တံခွန်စိုက်ပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲခြောက်မျိုး ကျင်းပလျက်ရှိရာ ယခုအခါတွင် မြန်မာဝူရှူး အဖွဲ့သည် ပြိုင်ပွဲခြောက်မျိုးစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဆုတံဆိပ်များ အသီးသီး ရယူပေးလျက်ရှိသည်။

ဝူရှူးပြိုင်ပွဲများတွင် သရုပ်ပြကစားရသောပြိုင်ပွဲများ (ထောက်လု)နှင့် တိုက်ခိုက်ယှဉ်ပြိုင်ရသော ပြိုင်ပွဲ(ဆန်းဆို)ဟူ၍ နှစ်မျိုးရှိရာ မြန်မာဝူရှူးအဖွဲ့သည် သရုပ်ပြကစားနည်းများတွင်သာ ရွှေတံဆိပ်ဆုများ ဆက်တိုက်ရယူခဲ့ရာမှ ယခုနှစ် အရှေ့တောင်အာရှအားကစားပွဲတွင် ထူးခြားမှုအနေဖြင့် ဆန်းဆိုပြိုင်ပွဲ၌ မြန်မာ့ဝူရှူးလက်ရွေးစင်ဟာဟုန်းသည် ဆန်းဆို (၅၆)ကီလိုတန်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံ ပြိုင်ဘက်ကို ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်တွင် အိမ်ရှင် ဗီယက်နမ်ကို အနိုင်ရရှိ၍ ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ မြန်မာဝူရှူးအဖွဲ့သည် သရုပ်ပြအားကစားနည်း (ထောက်လု)နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကစားနည်း (ဆန်းဆို) ပြိုင်ပွဲနှစ်မျိုးစလုံး၌ ရှေ့ဆက်အောင်မြင်မှုများ ရယူလာနိုင်တော့မည်ဖြစ်သည်။ မြန်မာဝူရှူးအားကစားသမားများသည် ဆုတံဆိပ်များ ရယူနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သလို မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည်လည်း နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးသည် အာရှဝူရှူးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး မြန်မာ့ဝူရှူးအားကစား အဆင့်အတန်းမြင့်မားရေးအတွက် ဝူရှူးပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၉၉ခုနှစ်တွင် အရှေ့တောင်အာရှ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လာမည့် ၂၀၀၄ခုနှစ် နိုဝင်ဘာလခန့်တွင် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် နိုင်ငံတကာက လေးစားအသိအမှတ်ပြုခံရသော အဖွဲ့တစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ အောင်မြင်မှုများရရှိရေးအတွက် ဝူရှူး၏ ဇာတိမြေဖြစ်သော တရုတ်နိုင်ငံသို့ အားကစားသမားများကို ရက်လရှည်စွာ ငွေကြေးအမြောက်အမြားအကုန်ခံ၍ အဖွဲ့ချုပ်မှစေလွှတ် လေ့ကျင့်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ ကမ္ဘာ့ဝူရှူး အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် ဗီယက်နမ်တို့ကပင် မြန်မာဝူရှူးအဖွဲ့ကို အချိန်တိုတိုနှင့် အောင်မြင်မှုအရှိဆုံးအဖွဲ့အဖြစ် အသိအမှတ်ပြုလက်ခံထားကြပြီးဖြစ်သည်။ မြန်မာဝူရှူးအဖွဲ့၏ အောင်မြင်မှုနှင့်အတူ ဝူရှူးအားကစားနည်းသည်လည်း မြန်မာ့အားကစားလောကတွင် အများနှစ်သက်လက်ခံလာသော အားကစားနည်းတစ်ရပ်ဖြစ်ခဲ့သည်။ အထူးသဖြင့် (ထောက်လု) ကစားနည်းတွင် ကလေးငယ်များစိတ်ဝင်တစား သင်ယူလေ့လာ ကြသည်ကို တွေ့ရသည်။

မြန်မာ့အားကစားလောကတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာကြောင်းကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရရှိသည့် ရွှေတံဆိပ် ၁၆ခုအနက် ၁၀ခုမှာ မြန်မာအမျိုးသမီးများက ရယူပေးနိုင်ခဲ့သည်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဂုဏ်ပြုအမှာစကားတွင် **"အလေးမ အားကစားနည်းနှင့် ဝူရှူးအားကစားနည်းများမှာ မြန်မာအမျိုးသမီးအားကစားမယ်များသည် အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်မှာပါ အောင်နိုင်မှုဆုတံဆိပ်များ တစ်စိုက်မတ်မတ်နှင့် စဉ်ဆက်မပြတ်ဆွတ်ခူးနိုင်နေပြီး အောင်မြင်တိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ထူးခြားစွာ ဖြစ်ထွန်းနေတာကိုတော့ ချီးကျူးရမှာအမှန်ပင်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူမဆုံးဖွယ်ဖြစ်ကြောင်း"** ထည့်သွင်း ချီးကျူးပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းကျကျ ပါဝင်နေကြပြီဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအဖွဲ့များဖွဲ့စည်း၍ လူမှုရေးကိစ္စများတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသလို အမျိုးသမီးအားကစားမယ်များကလည်း နိုင်ငံ့ဂုဏ်ကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးလျက်ရှိကြသည်။ ဗီယက်နမ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပွဲတွင် ကြိုးစားခြေစွမ်းပြခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မြန်မာဘောလုံးပရိသတ်၏ လေးစားမှုကို အထူးပင်ရရှိခဲ့သည်။

မြန်မာဝူရှူးအဖွဲ့သည် အောင်ပန်းအဆင့်ဆင့် ဆွတ်ခူးခဲ့ပြီးဖြစ်ရာ အနာဂတ်ရည်မှန်းချက်အနေဖြင့် ၂၀၀၈ ခုနှစ် တရုတ်နိုင်ငံတွင်ကျင်းပမည့် (၂၉) ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရန် ရည်မှန်းကြိုးစားလျက်ရှိသည်။ မြန်မာ့အားကစားလောကတွင် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအဆင့်၌ ဆုတံဆိပ်ရရှိခဲ့ဖူးခြင်းမရှိသေးရာ ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်သော ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရယူနိုင်ရေးအတွက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၏ ကြိုးစားဆောင်ရွက်မှုများကို နိုင်ငံတော်က ဆက်လက်ပံ့ပိုးအားပေးသွားမည်ဖြစ်သည်။

သက်တမ်းနုသေးသော်လည်း မြန်မာ့အားကစားလောကကို ရွှေရောင်လွှမ်းစေခဲ့သည့် မြန်မာဝူရှူးအားကစားမောင်မယ်များကိုလည်းကောင်း၊ မြန်မာ့ဝူရှူးအားကစား တိုးတက်မြင့်မားလာရေးအတွက် တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် အဖွဲ့ဝင်များကိုလည်းကောင်း ဂုဏ်ပြုရင်း မြန်မာ့ဝူရှူးအားကစား ပိုမိုကျယ်ပြန့်ထွန်းကားလာစေရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီသွားကြရန် နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။ ။

မင်းဘူးအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

မင်းဘူးအသင်း(ရန်ကုန်)၏(၅၄) နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်နေ မင်းဘူးခရိုင်မိသားစုများ (အသင်းဝင်နှင့် အသင်းမဝင်ရသေးသူများ)အား တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းများ ပါဝင်မည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးဝင်းဖေ (ဆ/မ)ဖုန်း-၅၁၂၄၈၂နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ ဖုန်း-၅၇၇၇၄၃ တို့သို့ အစည်းအဝေးပွဲရက်မတိုင်မီ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ပဲခူး နန္ဒဝန်ဓမ္မရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးမြို့ စိန်ထွန်းရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၂၀၅ နန္ဒဝန်ဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရိပ်သာပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ မထေရ်မြတ်က ပြာသိုလဆန်း ၁၅ရက်မှ လပြည့်ကျော်၆ ရက်(ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်)အထိ ခုနစ်ရက်တရားစခန်းကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖတ်ကြား

ဇန်နဝါရီ ၄ ရက်က သာကေတမြို့နယ် အထက(၁) ကျောင်းခန်းမတွင် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန် ဖတ်ကြားစဉ်။ (၃၀၂)

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ဖတ်ကြားစဉ်။ (က-ပ)

ဂျပန်နိုင်ငံသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ထေရုပ္ပတ္တိအကျဉ်း



ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ကြားတောရလမ်း မဟာသာသန ဝေပုလ္လကျောင်းနှင့် သဃ်န်းကျွန်းကြီး မြို့နယ် ပုလဲမြို့သစ် ကာယ ၉ လမ်း မဟာသာသန ဝေပုလ္လ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၅ နှစ်ကြာ ထေရဝါဒ ဗုဒ္ဓ သာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက် တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကန်ရွာ ဇာတိဖွား ဖြစ်သည်။

သက္ကရာဇ် ၁၂၇၈ ခုနှစ် တပို့တွဲလဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် ဦးပေါ်–မယ်တော် ဒေါ်အေး မြတ်တို့မှ ဖွားသန့်စင်ခဲ့သည်။ ၁၇ နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော် မူသည်။ ၁၂၉၈ ခုနှစ် တန်ခူးလပြည့် ကျော်တွင် ဆရာတော်လောင်းလျာသည် ကန်တောရ ကျောင်းတိုက် ခဏ္ဍာသိမ်တွင် ပဌမကန်တောရဆရာ တော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ကန်ရွာဦးဘစိန်– ဒေါ်မြထွေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဂန့်ဂေါမြို့နယ် ကန်ရွာကန်တောရကျောင်းတိုက် ကန်တောရဆရာတော် ဘုရားထံတွင် အခြေခံစာပေများမှစ၍ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများကို ဂဃနဏ ရဟန်းငါးဝါတိုင်တိုင် သင်ကြားခဲ့သည်။

၁၉၄၂ခုနှစ် မန္တလေးမြို့ အနောက်ပြင် အဘယာရာမဆရာတော်ဘုရားကြီးထံ၌ ဝုဒ်ဝေဒနာ သောခနာနည်းစုံ တွဲဖက်ကာ ပိဋကတ်စာပေများ သင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အရှင်ဝေပုလ္လသည် ဋီကာကျော် (အဘိဓမ္မတ္ထဝိဘာဝိနီ)ကို မဏိသာရမဉ္ဇူသာဋီကာနှင့်တွဲဖက်၍ ပြီးဆုံးအောင် သင်ယူခဲ့သည်။

၁၉၅၀ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။

၁၉၅၂ ခုနှစ်၌ မန္တလေးအနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၏ ချီးမြှောက်မှုဖြင့် နေ့စဉ်စာဝါများပို့ချခဲ့သည်။ ထိုသို့ပို့ချနေစဉ် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ သံယုတ္တနိကာယ၊ မူလ ဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၇ခုနှစ်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာပြုအဖွဲ့မှစေလွှတ်ချက်အရ ဂျပန်ပြည်၌ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် ၃၅ နှစ်တိုင်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။ ဂျပန်နိုင်ငံ မိုချီဂမြို့ ဓမ္မဒူတဌာန၌ ပုံမှန်ဆောင်ရွက်သည့် တရားပွဲများဟောပြောခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်း၊ သာသနာပြုသင်တန်းပေးခြင်းများ ပြုလုပ်ခဲ့သည်။

လက်တွေ့ကျင့်သုံးလိုသော အမျိုးသားများကို ထေရဝါဒရှင်သာမဏေ အဖြစ်ခံယူစေသည်။ သာသနာပြု သင်တန်းများကို ဂျပန်နိုင်ငံနေရာအနှံ့အပြား၌ အကြိမ်ပေါင်းများစွာဆောင်ရွက်ခဲ့သည်။ ရံဖန်ရံခါ ဂျပန်နိုင်ငံမှနေ၍ သီရိလင်္ကာ၊ အိန္ဒိယ၊ ကိုရီးယား၊ စင်ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ်စသဖြင့် ကြွရောက်၍ သက်ဆိုင်ရာ ဆရာတော်ကြီးများနှင့် လိုအပ်သလို ညှိနှိုင်းတိုင်ပင်ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ဂျပန်ဘာသာဖြင့် စာပေကျမ်းဂန်များရေးသားတော်မူခဲ့သည်။ ထိုစာပေကျမ်းဂန်သင်တန်း၊ ကမ္မဋ္ဌာန်း တရားပွဲများမှတစ်ဆင့် ဂျပန်လူမျိုးအများစုသည် မြန်မာနိုင်ငံသို့လာရောက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွားရေးအတွက် လာရောက်ကူညီပံ့ပိုးသူများ၊ ဂျပန်စစ်သည်တော်များအတွက် ကျန်ရစ်သူ ဂျပန်စစ်ပြန်များက နှစ်စဉ်လာရောက်၍ အမျှတမ်းဝေကာ ကုသိုလ်ကောင်းမှုပြုခြင်းများ ပြုလုပ်လာကြသည်။

၁၉၉၁ ခုနှစ်တွင် ဆရာတော်ကြီး အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးအခြေအနေမကောင်းသဖြင့် ဂျပန်ပြည်ရှိ သား ဦးတင်မောင်ဝင်း–ဒေါက်တာ ဒေါ်မြမာလာတို့က မြန်မာနိုင်ငံရှိ ၎င်းတို့၏ မိဘများဖြစ်သည့် ဦးကိုကိုလေး–ဒေါ်ကြင်ကြင်တို့အား ပစ္စည်းလေးပါးဒါယကာ ဒါယိကာမ ခံယူစေပြီး ဆရာတော်အား မြန်မာနိုင်ငံသို့ ပြန်လည် ကြွရောက်စေသည်။ ယောနယ်မှ ဒါယကာ ဒါယိကာမများနှင့် ရန်ကုန်မှ ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမ များကလည်း ဆွမ်းကွမ်းပံ့ပိုးပေးကြသည်။

၂၀၀၁ ခုနှစ်တွင် ဆရာတော်ကြီးသည် ဗုဒ္ဓစာပေနှင့် စာအောင်ဆု ငွေပဒေသာပင်စိုက်ထူကာ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) မှတစ်ဆင့် ကျပ်သိန်း ၈၅၀၁၂၇၈ ပေးအပ်လှူဒါန်းခဲ့သည်။ နှစ်စဉ်ဗုဒ္ဓစာပေ စာအောင်ဆုများ ချီးမြှင့်ခဲ့သည်။ ထို့အပြင် သာသနာရေးနှင့်ဆိုင်သော ပရိယတ္တိစာသင်ကျောင်းများ၊ ပညာရေး စာသင်ကျောင်းများကို ဂျပန်နိုင်ငံမှ မိတ်ဆွေများအကူအညီဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်မှာ စုစုပေါင်း သိန်းတစ်ထောင်နီးပါးခန့်ရှိသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၂ ရက် နံနက် ၁ နာရီ၅ မိနစ်တွင် ရန်ကုန် အထွေထွေရောဂါကု ဆေးရုံကြီး သီးသန့်ခန်း (၁)တွင် တက်ရောက်ကုသနေစဉ် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

(သတင်းစဉ်)

▲ **ကျောဖုံးမှ**

ယင်းကဲ့သို့တည်ဆောက်ပေးနေသော လုပ်ငန်းကြီးများအနက် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးသာယာ လှပရေး စီမံကိန်းသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကို ရန်ကုန်–သန်လျင်တံတားအနီး ပဲခူးမြစ်ကမ်း၌ တည်ဆောက်ထား သည်။ ၎င်းပြည်ထောင်စုကျေးရွာကို ယခင်နှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသား များ၏ ရိုးရာနေအိမ်များ၊ ဒေသ အထိမ်းအမှတ် အဆောက်အအုံများ၊ ဓလေ့ထုံးတမ်းများကို တစ်နေရာ တည်းတွင် တစုတဝေးတည်း လေ့လာ နိုင်ရန်အတွက် တည်ဆောက်ထားခြင်း ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားကျေးရွာ တည်ဆောက်ရေးလုပ်ငန်းများအနက် ထူးခြားချက်မှာ နန်းမြင့်မျှော်စင်တည် ဆောက်မှုလုပ်ငန်းဖြစ်သည်။

နန်းမြင့်မျှော်စင်ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာချိန်ကျရောက်သည့် နံနက် ၈ နာရီခွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေနှင့်ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အစီအစဉ်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နန်းမြင့်မျှော်စင်ကမ္ပည်း မော်ကွန်းကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

နန်းမြင့်မျှော်စင် ဖွင့်ပွဲအခမ်းအနား တွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်း သားများက ၎င်းတို့၏ရိုးရာအကများ ဖြင့် တပျော်တပါး တီးမှုတ်ကခုန် ဖျော်ဖြေတင်ဆက်သည်။ တိုင်းရင်း သား သွေးချင်းညီအစ်ကိုများ၏ စည်း လုံးညီညွတ်ခြင်းကို အံ့မခန်းမျက်ဝါး ထင်ထင် ရှုမြင်ခံစားကြရသည်။

အဆိုပါ နန်းမြင့်မျှော်စင်ကြီးမှာ အထက်မြန်မာပြည် မန္တလေးမြို့ရှိ နန်းမြင့်မျှော်စင်ကြီး၏ ပုံစံနမူနာ အတိုင်း တည်ဆောက်ထားခြင်း ဖြစ် သည်။ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာတွင် ယခုဖွင့်လှစ်လိုက်သော နန်းမြင့်မျှော်စင်ကြီးမှာ အောက်မြန်မာ ပြည်၏ ပထမဆုံးနန်းမြင့်မျှော်စင်ကြီး ဖြစ်သည်။

နန်းမြင့်မျှော်စင်ကြီးကို ၆၄၀၀ စတုရန်းပေရှိ မြေပြင်ပေါ်၌ တည် ဆောက်ထားသည်။ နန်းမြင့်မျှော်စင်မှာ မျှော်စင်အမြင့် ၇၄ ပေ၊ ပြာသာဒ် အမြင့် ၄၅ပေ စုစုပေါင်း ၁၁၉ပေ မြင့်ပြီး မျှော်စင်အချင်းမှာ ၄၄ ပေ ဖြစ်သည်။ နန်းမြင့်မျှော်စင်တွင် မြေညီ ထပ် အပါအဝင် ခုနစ်ထပ်ရှိသည်။ မျှော်စင်ပေါ်ရှိ ကြည့်ရှုဆောင်မှနေ၍ ရန်ကုန်မြို့တော်မြင်ကွင်းနှင့် ပဲခူးမြစ် ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာ အပန်းဖြေနိုင်သည်။

နန်းမြင့်မျှော်စင်သည် ရှေးမြန်မာ မင်းတို့၏ ထီးသုံး၊ နန်းသုံး ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည်။ နန်းမြင့်မျှော်စင် ကြီးပေါ်မှနေ၍ ရန်ကုန်မြို့၏ ရှုခင်း များ၊ ရွှေတိဂုံစေတီတော်၊ ပဲခူးမြစ်၏ အလှအပရှုခင်းများ၊ တိုင်းရင်းသား ကျေးရွာ၏ တိုင်းရင်းသားတို့၏ ရိုးရာ အိမ်များ၊ အထိမ်းအမှတ်အဆောက် အအုံများကို အနီးကပ်ရှုမြင်နိုင်သလို အဝေးကမြင်ကွင်းများကိုလည်း ရှုမျှော် မဆုံး တွေ့မြင်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုတိုင်းရင်း သားကျေးရွာ၌ နန်းမြင့်မျှော်စင်ကြီးကို တည်ဆောက်ဖွင့်လှစ်လိုက်ခြင်းအား ဖြင့် နိုင်ငံတော်၏ လူမှုရေး ဦးတည် ချက် တစ်ရပ်ဖြစ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရာလည်း ရောက်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။

(မြန်မာ့အလင်း)

တကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော် ဗုဒ္ဓါဘိသေကမင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ဘုရားချောင်းရွာတွင် တကျွန်းဇမ္ဗူ အောင်ဗောဓိစေတီတော်၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယမင်္ဂလာ၊ ဓာတ်တော်ပူဇော်ပွဲ၊ ခေါင်းလောင်းတင်လှူပွဲ၊ မင်္ဂလာကန်တော်ဖွင့်ပွဲနှင့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကို ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီ ၅ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတွင် တပို့တွဲလဆန်း ၁၁၊၁၂၊၁၃ ရက်များ၌ အကြိုတရားပွဲများ၊ လဆန်း ၁၄ ရက်နေ့တွင် နှမ်းမနဲထိုးပွဲ၊ လပြည့်နေ့ညနှင့် လပြည့်ကျော်ညများတွင် ရေချမ်း ဇာတ်သဘင်ဖြင့် အခမဲ့ ဇလာပွဲကပြ၍ ပျော်ပွဲရွှင်ပွဲများနှင့် ကျင်းပမည်ဖြစ်ကြောင်း ဘုရားဒါယကာ ဂေါပကအဖွဲ့က ကုသိုလ်တရား ပွားများနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ကျီးသဲအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ကျီးသဲအထက၏ ရွှေရတုနှစ် အာစရိယမြတ်ဆရာ ပူဇော်ပွဲ၊ ကျောင်းသား ကျောင်း သူဟောင်းများ မိတ်ဆုံစားပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ကျီးသဲမြို့ အထက ပညာ့ဗိမာန် ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ ရန် စီစဉ်ထားသည်။

၁၉၅၃ ခုနှစ်မှ ၂၀၀၃ ခုနှစ် အတွင်း ကျီးသဲအထက၌ တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်း စား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်း များ (ဖိတ်စာရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ) ကြွရောက်ပါရန်နှင့် ပူဇော်ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများ မြတ်ဆရာပူဇော် ပွဲသို့ လိုက်ပါ ဆင်နွှဲကြမည့် ကျောင်းသား ကျောင်းသူဟောင်း များသည် အလှူငွေများကို ကျီးသဲ အထက ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းထား ဖုန်း–၀၅၃– ၂၅၄၉၀၊ မြို့နယ် ပညာရေးမှူး (ငြိမ်း) ဦးသန်းကြွယ် ဖုန်း၀၅၃– ၂၅၄၉၀၊ ဦးသန်း အောင် ဖုန်း– ၀၅၃–၂၅၄၉၀၊ တရားရုံးချုပ် ရှေ့နေ ဦးသိုက်ထွန်း (ပြည်)ဖုန်း– ၀၅၃–၂၁၉၄၀၊ ဦးဌေးဝင်း (ဂွတ် ဘရားသား) ဖုန်း–၀၅၃–၂၂၃၈၉၊ ဦးသန်းကြွယ် (ရွှေတောင်) ဖုန်း– ၈၅၊ ဒေါ်သန်းဆွေ (ရွှေတောင်) ဖုန်း–၂၇၊ ဦးအောင်ဇော်ဒိုး (ရန်ကုန်) ဖုန်း–၀၁–၆၅၀၀၅၁ နှင့် ဦးစိုးနိုင် (ကျီးသဲညွှန့်နိုင်) ရန်ကုန် ဖုန်း–၀၁–၂၅၂၁၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၆–၁–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က)ပထမနှစ် (အရှေ့တိုင်းပညာ)
  - (ခ)ပထမနှစ်(ဥပဒေပညာ)
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း–၁၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၁၆)

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ နက္ခတ်ဗေဒင်အခမဲ့သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ–သီရိလင်္ကာဓမ္မဗိမာန်တွင် ဖွင့်လှစ်သင်ကြား လျက်ရှိသော တိုင်းနှင့်ပြည်နယ် လက်ရိုးနက္ခတ်ဗေဒင် အခမဲ့သင်တန်းအမှတ်စဉ် (၉၂)သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ သင်တန်းသားဦးရေ ၂၀၀တက်ရောက်ကြပြီး အဆင့်အလိုက် သင်တန်း ဆင်း လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ ဇန်နဝါရီ ၁၀ ရက် တွင် ရန်ကုန်ပုံမှန်သင်တန်းအမှတ်စဉ်(၉၃)ကို အပတ်စဉ် စနေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူ များသည် မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ ရုံးခန်း တည်ရှိရာ အမှတ်(၁၇၁) ၂၈ လမ်း (အထက်) ပန်းဘဲတန်း မြို့နယ် ဖုန်း –၃၇၇၉၈၃ သို့ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

အထက(၄) ဗိုလ်တထောင်၊ အလက(၁) ဗိုလ်တထောင်၊ ဘရန့် ကွန်ဗင့်ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကို ဒီဇင်ဘာ ၂၈ ရက်က အထက(၄) ဗိုလ်တထောင် ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းသူဟောင်းများက ဆရာမကြီးများအား ကန်တော့ ကြစဉ်။ **(က–ပ)**

6-1 (11).p65 1 3/27/05, 10:18 PM

ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၄

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်-

(ယမန်နေ့ကအဆက်)

စိမ်ထူးချွန်တံဆိပ်(ဒုတိယဆင့်)

၂၉။ ဦးငွေထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

၃၀။ ဦးစန်းဝင်း ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၃၁။ ဦးသာဦး အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၃၂။ ဒေါက်တာမြမြဦး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူး(ဓာတုအင်ဂျင်နီယာ ဌာနနှင့် ဇီဝနည်းပညာမဟာဌာန)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃၃။ ဦးထွန်းအောင်ကြည် ညွှန်ကြားရေးမှူး၊ စက်မှုနည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃၄။ ဒေါက်တာကိုကိုဦး ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃၅။ ဦးအောင်ကိုးရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၆။ ဦးစန်းတင့် ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးဝန်ကြီး ဌာန။

၃၇။ ဒေါက်တာမြဦး ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၃၈။ ဒေါက်တာမောင်သင်း ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၃၉။ ဦးချို ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၀။ ဦးမြဝင်း ပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဦးကြည်ဝင်း ပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ပညာရေး ဝန်ကြီးဌာန။

၄၂။ ဦးစောကျော်မင်း ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၃။ ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၄။ ဒေါက်တာမောင်ထူး ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၄၅။ ဦးပိုမြင့် ပါမောက္ခချုပ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၆။ ဦးမောင်မောင်ခင် ပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၇။ ဦးဝင်းမောင် ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ ပညာရေးဝန်ကြီး ဌာန။

၄၈။ ဒေါက်တာဖေမောင်သန်း ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၉။ ဦးဝမ်းတင် ဒုတိယပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၅၀။ ဦးသင်းလှိုင် ဒုတိယပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၅၁။ ဦးမြင့်ဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၅၂။ ဦးအေးမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၅၃။ ကြည်း-၁၀၆၂၃ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း အတွင်းရေးမှူး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကယားပြည်နယ်။

၅၄။ ကြည်း-၁၂၂၇၅ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း ဥက္ကဋ္ဌ၊ လွိုင်ကော် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကယားပြည်နယ်။

၅၅။ ကြည်း-၁၂၂၀၂ ဒုတိယဗိုလ်မှူးကြီးတင်အုန်း အတွင်းရေးမှူး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မန္တလေး။

၅၆။ ကြည်း-၁၄၄၉၅ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့် ဥက္ကဋ္ဌ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရန်ကုန်အရှေ့ပိုင်းခရိုင်)။

၅၇။ ကြည်း-၁၃၇၀၂ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရန်ကုန်အနောက် ပိုင်းခရိုင်)။

၅၈။ ကြည်း-၁၂၂၅၆ ဒုတိယဗိုလ်မှူးကြီးဝင်းမောင် အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ကြီးမြို့။

၅၉။ ကြည်း-၁၁၆၈၉ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန် ဥက္ကဋ္ဌ၊ တောင်ကြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၆၀။ ကြည်း-၁၃၆၆၄ ဒုတိယဗိုလ်မှူးကြီးမြင့်တင် ဥက္ကဋ္ဌ၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၆၁။ ကြည်း-၁၅၄၉၁ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း ဥက္ကဋ္ဌ၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

စိမ်ထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးမြင့်အောင် ပြည်နယ်စာရင်းစစ်အရာရှိ၊ ကချင်ပြည်နယ်စာရင်းရုံး၊ စာရင်းစစ်ချုပ်ရုံး။

၂။ ဦးလှသန်း ဒုတိယညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၃။ ဦးလွင်ကြည် ဒုတိယညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၄။ ဒေါ်ခင်ဝင်းရီ မြို့နယ်စာရင်းစစ်အရာရှိ၊ ဟိုပုံးမြို့နယ်စာရင်းရုံး၊ စာရင်းစစ်ချုပ်ရုံး။

၅။ ဒေါ်သိန်းညွန့် ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၆။ ဦးချစ်ဆွေ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၇။ ဦးသောင်းရွှေ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာ ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၈။ ဦးစိုးမြင့်သိန်း ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၉။ ဦးစိုးဝင်း ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာ ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၀။ ဒေါ်တင်တင်ဌေး ဌာနမှူး(စီမံခန့်ခွဲမှုပညာဌာန)၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၁။ ဒေါ်မြင့်မြင့်စန်း ဌာနမှူး(စီးပွားရေးပညာဌာန)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၂။ ဦးရဲနိုင် ဌာနမှူး(လေ့ကျင့်သင်ကြားရေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ (အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၃။ ဦးမောင်ကြည် ဌာနမှူး(စီမံခန့်ခွဲရေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၄။ ဒေါ်ဝင်းဝင်းသန်း ဌာနမှူး(စီမံခန့်ခွဲမှုပညာဌာန)၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၅။ ဦးတင်ရွှေ ဌာနမှူး(စီးပွားရေးပညာဌာန)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၆။ ကြည်း-၁၁၄၅၃ ဗိုလ်မှူးမြင့်အောင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၇။ ကြည်း-၁၆၈၇၃ ဗိုလ်မှူးခင်မောင်စန်း အမှတ်(၈)တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၈။ ကြည်း-၂၀၅၇၄ ဗိုလ်မှူးရဲနိုင်စိုး တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့် ရေးတပ်၊ကာကွယ်ရေးဝန်ကြီးဌာန။

၁၉။ ကြည်း-၂၈၁၉၇ ဗိုလ်ကြီးစိုးဝင်းကျော် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၀။ အမှတ် ၇၃၃၈၁၄ ဒုတိယအရာခံဗိုလ်မြင့်နိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၁။ အမှတ် အ/၇၇၆၁၄ အရာခံဗိုလ်(အစားခန့်)မြင့်မြင့်ကြည် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၂။ အမှတ် အ/၇၇၇၆၀ အရာခံဗိုလ်(အစားခန့်)အေးအေးဟန် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေး ဝန်ကြီးဌာန။

၂၃။ ကြည်း-၂၂၄၀၆ ဗိုလ်မှူးကျော်သူရ ကာကွယ်ရေးဝန်ကြီးဌာန။

၂၄။ ကြည်း-၂၁၄၁၅ ဗိုလ်မှူးလေးနိုင် ကာကွယ်ရေးဝန်ကြီးဌာန။

၂၅။ ကြည်း-၂၀၇၀၄ ဗိုလ်မှူးကြည်လွင် ကာကွယ်ရေးဝန်ကြီးဌာန။

၂၆။ ကြည်း-၂၂၅၆၇ ဗိုလ်မှူးမြလွင် ကာကွယ်ရေးဝန်ကြီးဌာန။

၂၇။ ကြည်း-၂၁၀၉၀ ဗိုလ်မှူးကျော်နိုင် ကာကွယ်ရေးဝန်ကြီးဌာန။

၂၈။ ကြည်း-၂၂၃၂၆ ဗိုလ်ကြီးကြည်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန။

၂၉။ ကြည်း-၂၃၂၅၆ ဗိုလ်ကြီးဝင်းနိုင် ကာကွယ်ရေးဝန်ကြီးဌာန။

၃၀။ ကြည်း-၂၈၁၂၂ ဗိုလ်ကြီးမြတ်သူရိန် ကာကွယ်ရေးဝန်ကြီးဌာန။

၃၁။ ဦးသိန်းဆွေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၂။ ဦးတင်ထွန်း အထွေထွေမန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၃။ ဦးပုလဲမောင် ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၄။ ဦးထွန်းတင်(၁) ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၅။ ဦးကျော်ဇံ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၆။ ဦးထွန်းတင်(၂) ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၇။ ဦးဟုတ်ကြည် ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၈။ ဦးထွန်းအောင်လွင် ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၉။ ဦးတင်မောင်အုန်း ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၀။ ဦးရွှေသိန်း ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၁။ ဦးမြင့်ဆွေ ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီး၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၂။ ဦးအယ်လ်ဖော်ရှန်း ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၃။ ဦးတင်လှိုင် ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၄။ ဒေါ်ဆွေဆွေသန်း အထွေထွေမန်နေဂျာ(ငွေစာရင်း)၊ မြန်မာ့အထည် အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၅။ ဦးစိန်မြ စက်ရုံမှူး၊ အထည်ချုပ်စက်ရုံ အမှတ်(၁၇) မြန်မာ့အထည်အလိပ် လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၆။ ဦးကျော်စိုး စက်ရုံမှူး၊ စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံ၊ မြန်မာ့အထည် အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၇။ ဒေါ်ဌေးဌေးဦး အထွေထွေမန်နေဂျာ (ငွေစာရင်း)ရုံးချုပ်၊ မြန်မာ့ စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၈။ ဦးကျော်ဝင်း အထွေထွေမန်နေဂျာ၊ ရောင်းဝယ်ရေး၊ မြန်မာ့အထွေထွေ နှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၄၉။ ဦးစိန်ဝင်း စက်ရုံမှူး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၀။ ဦးခင်မောင်အေး လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေး ဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၁။ ဒေါ်အေးကြည် လက်ထောက်စက်ရုံမှူး(ကုန်ထုတ်)၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊မြန်မာ့အထည်အလိပ်လုပ်ငန်း၊အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၂။ ဒေါ်စပယ် လက်ထောက်မန်နေဂျာ(ကုန်ထုတ်) ရုံးချုပ်၊ မြန်မာ့ စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၃။ ဦးလှမျိုးမောင် ဒုတိယစက်ရုံမှူး ဆပ်ပြာစက်ရုံ(မန္တလေး)၊ မြန်မာ့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၄။ ဦးဇော်ဝေ ဒုတိယအထွေထွေမန်နေဂျာ (ကုန်ထုတ်) (လုပ်ငန်းရုံးချုပ်)၊ စက်ရုံမှူးတာဝန်၊ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၅။ ဦးသန်းထွန်း စက်ရုံမှူး၊ ဖိနပ်စက်ရုံအမှတ်(၁) မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၆။ ဦးမောင်မောင်တိုး ဒုတိယစက်ရုံမှူး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှု လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၅၇။ ဒေါ်ခင်ဝင်းကြည် ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၅၈။ ဒေါ်စန္ဒီမြင့် ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၅၉။ ဦးသန်းထွန်းအောင် အထွေထွေမန်နေဂျာ၊ ကြိတ်ခွဲ ထုတ်လုပ်မှုဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၀။ ဦးလှမော်ဦး အထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၁။ ဦးမောင်မောင်တင့် တိုင်းမန်နေဂျာ၊ ရန်ကုန်တိုင်း မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၂။ ဦးမင်းမင်းဦး တိုင်းမန်နေဂျာ၊ ပဲခူး(အရှေ့)တိုင်း၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၃။ ဦးဆန်းနွယ်ဝင်း ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၄။ ဦးအောင်ကျော်မိုး ဒုတိယအထွေထွေမန်နေဂျာ၊ သယ်ယူပို့ဆောင်ရေး ဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၅။ ဦးဝင်းမြင့် တိုင်းမန်နေဂျာ၊ ပဲခူး(အနောက်) တိုင်း၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၆။ ဦးထွန်းကြည် လက်ထောက်တိုင်းမန်နေဂျာ၊တနင်္သာရီတိုင်း၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၇။ ဦးကျော်သူ လက်ထောက်တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်း၊ ဟင်္သာတ လက်ထောက်တိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၈။ ဦးဘသန်း လက်ထောက်တိုင်းမန်နေဂျာ၊ ရန်ကုန်တိုင်း၊ သန်လျင် လက်ထောက်တိုင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

(စာမျက်နှာ ၁၂ မှ အဆက်)

၆၉။ ဦးကျော်ငွေ စက်ရုံမှူး၊ရန်ကုန်တိုင်း(၀၄)တန်(၁၀၀)ဆန်စက်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၇၀။ ဦးတင်ဝင်း စက်ရုံမှူး၊ ပဲခူး(အနောက်)တိုင်း၊ လက်ပံတန်း တန်(၂၅၀) ဆန်စက်၊မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၇၁။ ဒေါ်ဥမ္မာစိန် ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၇၂။ ဦးရဲထွန်း အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၇၃။ ဦးစိန်မင်း ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

၇၄။ ဦးစက်ကြည် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ)၊ လေယာဉ်ကွင်း အထူးအဖွဲ့(၄) ခန္တီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၅။ ဒေါ်စီသန်း အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၅)၊ ရဲနွယ် ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၆။ ဦးလှထွန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ ဧရာဝတီတံတား (မကွေး) စီမံကိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၇။ ဦးဝင်းကြည် အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၄)၊ ရွှေလီ တံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၈။ ဦးဆန်းလွင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မအီ–ကျောက်ဖြူလမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၇၉။ ဦးမြင့်အောင် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ)၊ အဆောက်အအုံ အထူးအဖွဲ့(၄) ရန်ကုန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၀။ ဦးအောင်ခိုင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့ (၄) ဒါးက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၁။ ဦးငွေထွန်း အင်ဂျင်နီယာမှူးကြီး(မြို့ပြ)လမ်းဦးစီး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန။

၈၂။ ဦးကျော်သူ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁) ရန်ကုန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၃။ ဦးတင်ထွဋ် ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ လုံးတော်ပေါက် တံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၄။ ဦးတင်စိုး အင်ဂျင်နီယာမှူး(မြို့ပြ)၊ မင်းကြောင်းချောင်းတံတား၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၅။ ဦးစိုးတင့် ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ လမ်းအထူးအဖွဲ့(၂) ပြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၆။ ဦးစိုးတင့် အင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၇။ ဦးထင်အောင် အင်ဂျင်နီယာမှူး(စက်မှု)၊ ပင်မအလုပ်ရုံ(မြောက်) မန္တလေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၈။ ဦးကျော်ညွန့် အင်ဂျင်နီယာမှူး(စက်မှု)၊ သံလွင်တံတား(မော်လမြိုင်) စီမံကိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၈၉။ ဦးကျော်လှိုင် အင်ဂျင်နီယာမှူး(မြို့ပြ)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၅) အမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၉၀။ ဦးအောင်ဖြူ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းသမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။

၉၁။ ဦးစောလွင် ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမ ဝန်ကြီးဌာန။

၉၂။ ဒေါ်ညိုညိုဝင်း ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမ ဝန်ကြီးဌာန။

၉၃။ ဒေါ်ဝင်းစိန် ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမ ဝန်ကြီးဌာန။

၉၄။ ဒေါ်တင်ဆွေအေး ညွှန်ကြားရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန(ရုံးချုပ်)၊ သမဝါယမဝန်ကြီးဌာန။

၉၅။ ဒေါ်လှလှကြိုင် ညွှန်ကြားရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)၊ သမဝါယမဝန်ကြီးဌာန။

၉၆။ ဒေါ်ခင်ခင်သွဲ့ ညွှန်ကြားရေးမှူး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)၊ သမဝါယမဝန်ကြီးဌာန။

၉၇။ ဦးမင်းထွန်း ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၉၈။ ဦးအောင်သန်း လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၉၉။ ဦးသိန်းဆွေ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ် ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၀။ ဦးဘုန်းနိုင် ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၁။ ဦးစိုးသိဟ ညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေ ရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၂။ ဦးဘိုအောင် မန်နေဂျာ၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၃။ ဦးအောင်စိုး လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၄။ ဦးဇော်ဝင်းနိုင် လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၅။ ဒေါ်သန်းဆွေ လ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၆။ ဦးအောင်သန်း ဒုလ/ထ ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၇။ ဦးတိုးအောင်ကျော် ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၈။ ဦးတင်နု ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၀၉။ ဦးဇော်ဝင်း(၁) ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ် သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၁၀။ ဦးဝင်းချို လ/ထ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီး ဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၁၁။ လ–၁၂၈၃၆၉ ရဲမှူးဝင်းနိုင် မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၁၁၂။ လ–၅၇၁၇၅ ရဲမှူးကျော်စန်း တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲ ရေးဝန်ကြီးဌာန။

၁၁၃။ လ–၁၂၈၅၂၁ ဒုရဲမှူးမြင့်သိန်း လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲ ရေးဝန်ကြီးဌာန။

၁၁၄။ လ–၈၁၇၈၄ ဒုရဲမှူးလှကြည် ဗန်းမော်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲ ရေးဝန်ကြီးဌာန။

၁၁၅။ ဦးနီကုန်း (ပ/၂၉၁၃)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၆။ ဦးစိန်ထွန်း(ပ/၂၉၂၉) ၊ခရိုင်အုပ်ချုပ်ရေးမှူး၊ သရက်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ သရက်မြို့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၇။ ဦးမျိုးချစ် (ပ/၃၃၉၀)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြစ်ကြီးနားမြို့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁၈။ ဦးစိန်ညွှန့် (ပ/၃၂၃၅)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ပြည်ထဲရေး ဝန်ကြီးဌာန။

၁၁၉။ ဦးအောင်မြင့်(ပ/၂၉၈၉)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၀။ ဦးကျော်ဝင်း (ပ/၃၄၃၅)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၁။ ဦးမြင့်ဦး (ပ/၂၉၀၅)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ဆင်ပေါင်ဝဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၂။ ဦးဝေမျိုးခိုင်(ပ/၃၀၇၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၃။ ဦးတင်ဝင်း (ပ/၃၁၅၅)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၄။ ဦးခင်မောင်အေး (ပ/၃၅၆၂)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၅။ ဦးခင်ဇော် (ပ/၃၆၀၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်တန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၆။ ဦးတင်လှိုင် (ပ/၃၂၉၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နမ့်ခမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၇။ ဦးတင်လှိုင် (ပ/၃၅၆၄)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၈။ ဦးတင်ရီ (ပ/၃၃၂၂)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၂၉။ ဦးစန်းရွှေ (ဖ/၃၅၈၁)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၀။ ဦးမြကြိုင် (ပ/၃၁၈၄)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပေါင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၁။ ဦးစိုးသိန်း (ပ/၃၅၆၃)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၂။ ဦးတင်အုန်း (ပ/၃၄၃၈)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၃။ ဦးစံငွေ (ပ/၂၈၈၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ပုလောမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၄။ ဦးအေးလွင် (ပ/၃၇၀၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၅။ ဦးအောင်ကျော်ဦး (ပ/၃၇၇၇)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၆။ ဦးစိုးနိုင် (ပ/၃၇၆၀)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။ (ဥက္ကဋ္ဌ၊ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)။

၁၃၇။ ဦးမြင့်ဆွေ စာတည်းမှူး၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၃၈။ ဦးမွှေးကြည် စာတည်းမှူး၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၃၉။ ဦးဇော်ဝင်း မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၀။ ဒေါ်ခင်ညိုဝင်း မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၁။ ဒေါ်ခင်ခင်ဝင်း မန်နေဂျာ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန။

၁၄၂။ ဦးတင့်ဆွေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၃။ ဦးစိုးသိန်း အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၄။ ဦးခင်မောင်စိုး အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၅။ ဦးတင်မောင်ရွှေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၁၄၆။ ဦးမြင့်မောင်ကျော် ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၄၇။ ဦးသန်းဦး ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန။

၁၄၈။ ဗိုလ်မှူးစိုးတင့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ မြစ်ကြီးနားမြို့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၄၉။ ဗိုလ်ကြီးအောင်တင်ကျော် လ/ထညွှန်ကြားရေးမှူး၊ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြစ်ကြီးနားမြို့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၀။ ဦးစိုးစံ ကျောင်းအုပ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ လွိုင်ကော်မြို့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင် သာယာရေးဝန်ကြီးဌာန။

၁၅၁။ ဦးသန်းအောင် ကျောင်းအုပ်၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ လေရှီးမြို့၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၂။ ဒေါ်သန်းသန်းလွင် ကျောင်းအုပ်၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်း၊ ရေးမြို့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန။

၁၅၃။ ဦးလှမျိုး ဒုတိယညွှန်ကြားရေးမှူး၊ လားရှိုးမြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၄။ ဒေါ်ချိုချိုခင် အင်ဂျင်နီယာမှူး၊ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၁၅၅။ ဦးစောထွန်း မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၆။ ဦးထွန်းအေး ကက်ပတိန် (ကမ်းရိုးတန်းသွား)၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၇။ ဦးသိဟ ကက်ပတိန်(ကမ်းရိုးတန်းသွား)၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၈။ ဦးကိုကိုမောင် ကက်ပတိန် (ကမ်းရိုးတန်းသွား)၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၅၉။ ဦးကိုကိုအောင် အင်ဂျင်နီယာမှူး (နိုင်ငံခြားသွား)၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆၀။ ဦးဒေးဗစ်ဂရင်းဒေါလ် ရေကြောင်းဌာနမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆၁။ ဦးတင်ထွဋ် နည်းပြအရာရှိ၊ ရေကြောင်းပညာသိပ္ပံ၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၁၆၂။ ဦးအောင်စိုး လက်ထောက်မန်နေဂျာ၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၁၆၃။ ဦးထွန်းထွန်း ဒုအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၁၆၄။ ဒေါ်သန်းသန်းနွယ် မန်နေဂျာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆၅။ ဦးမြတ်သူရ ညွှန်ကြားရေးမှူး (စီမံ)၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ ငါးဧက တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊လျှပ်စစ်မီးနှင့် ရေပြွန်ပေါက်ပြုလုပ်ရန် တစ်ယူနစ်လျှင် ကျပ် ၆၇၀၀၀၀ ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်၊ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ။ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊ သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ အုန်း၊ ငှက်ပျော၊ သဘော် စသည့် အပင်လတ်အုပ်စုများကိုသာ စိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့်ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့် ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်၊ငါးများကို ပြည်တွင်း ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု**(မပြု)**။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင် အနည်းဆုံး တစ်ယူနစ် ငါးဧကမှ အများဆုံး နှစ်ယူနစ် ၁၀ ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်းသုံးနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ ဧက၊ ကြက် မွေးမြူရေးလုပ်ငန်း ၁၉၈၃ ဧက၊ ငါးမွေးမြူရေးလုပ်ငန်း ၇၈၃ဧက၊ စက်မှုလုပ်ငန်း ၁၅၅ ဧက စုစုပေါင်း ၁၀၅၉၂ ဧက ခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ ခြောက်သိန်းကျော်၊ ဥစားကြက်ကောင်ရေ တစ်သိန်းကျော် စုစုပေါင်း ကြက်ကောင်ရေ ခုနစ်သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်–ပြည်လမ်းဘက်မှဇုန်အဝင် ကတ္တရာလမ်းငါးမိုင်၊ ရန်ကုန်– ပဲခူးလမ်းဘက်မှဇုန်အဝင် ကွန်ကရစ်လမ်းမကြီး လေးမိုင်၊ ဇုန်အတွင်း မြေသား ဂဝံလမ်း ၁၀၈ မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗီအေဓာတ်အားလိုင်း၂၈မိုင်၊(၄၀၀)ဗို့လိုင်း ၅၄ မိုင် သွယ်တန်းပေးထားပြီး ၂၄ နာရီ ဓာတ်အားသုံးစွဲခွင့် ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့် အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင် ၁၀၀ ဦး သုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ ထပ်မံ၍ လိုင်း ၅၀၀ ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံ တစ်ခုဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက် မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင်၊ ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်းမြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီးဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့် ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီ ဖွဲ့စည်းထားပြီးဇုန်အတွင်း စိုက်ပျိုးရေးလုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင်များ ဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့် ရဲကင်းစခန်း(၃)ခုဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း(၁)ခုနှင့် ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်း လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဖုန်း–၃၇၀၅၀၈
တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁)တာဝန်ခံ ဖုန်း–၆၆၄၀၉၃
တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း–၆၄၂၂၂၇
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ ဖုန်း–၃၈၀၂၇၃
တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန
အမှတ် ၄၈၆၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ ဖုန်း–၆၀၁၁၀၀EX– ၁၄၄
မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။

၂၂။ (၅၀ ရာခိုင်နှုန်း)ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀) ယူနစ်(၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီးဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေးကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများ အတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသောလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

ကန်တော်ကလေးထီးတန်းဓမ္မာရုံ ဆွမ်းလောင်းတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင်ရပ်ကွက် ဓမ္မာရုံလမ်းရှိ ကန်တော်ကလေးထီးတန်းဓမ္မာရုံ ရတနတ္တယဝေယျာဝစ္စဆွမ်းလောင်းအသင်း၏ (၅၄)ကြိမ်မြောက် ဆွမ်းအောင်ပွဲအကြိုတရားပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယဆရာတော်၊ ၁၁ ရက်တွင် အရှင်ဆန္ဒာဓိက ရွှေပါရမီတောရဆရာတော်နှင့် ၁၂ ရက်တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဟုသိရသည်။ **(က–ပ)**

စကားပြောနှင့်ကွန်ပျူတာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

Greatest Power နိုင်ငံခြားဘာသာစကားပြောနှင့် ကွန်ပျူတာသင်တန်းကကြီးမှူး၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ မလေးဘာသာ စကားပြောများနှင့် လက်တွေ့အသုံးချ ကွန်ပျူတာသင်တန်းများကို ကျွမ်းကျင်သော အတွေ့အကြုံရင့် ဆရာ ဆရာမများဖြင့် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

ဇန်နဝါရီလဆန်းတွင် တန်းခွဲသစ်များ ထပ်မံဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် Center-I အမှတ် (၅) ဓေယျာသီရိလမ်း (အာရှနေဘဏ်ဘေးလမ်း)လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း–၅၃၇၂၃၃နှင့် Center-II အမှတ် (၁၁၇) (တ)ထပ်၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၂၅၆၇၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေသည့် အိုလံပစ်ဂျာနယ် အမှတ်စဉ် (၃၃၁) မျက်နှာဖုံးကို တွေ့ရစဉ်။ (က–ပ)

လွတ်လပ်ရေးနေ့ အခမ်းအနားများ အမြို့မြို့ အနယ်နယ်၌ကျင်းပ

တာမွေမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၁၅)

သဃ်န်းကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးနေဝင်း လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ (၀၅၂)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလွင် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ (၀၄၆)

ပုဇွန်တောင်မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စိုး လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ (၃၅၂)

ဒစ်ဂျစ်တယ်၊ ဂရပ်ဖစ်ဒီဇိုင်းနာ သင်တန်းဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဇန်နဝါရီ ၅

M-Plus Creative Media Group မှ ဒစ်ဂျစ်တယ်၊ ဂရပ်ဖစ်ဒီဇိုင်းနာပညာရှင်အဆင့် သင်တန်း အပတ်စဉ်(၇)ကို ဇန်နဝါရီလပထမပတ်တွင် ဆက်လက်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းတွင် အခြေခံဒီဇိုင်းတည်ဆောက်မှုနှင့် အရောင်အသွေးဆက်စပ်မှု၊ ဒစ်ဂျစ်တယ် နည်းပညာသုံး ပုံရိပ်များကိုတည်းဖြတ်ခြင်း၊ ဓာတ်ပုံပြုပြင်ခြင်းနည်းပညာ၊ ကြော်ငြာပုံများရေးဆွဲခြင်း၊ ဓာတ်ပုံမှ VCD အဖြစ်သို့ ပြောင်းလဲခြင်း စသည့် ဘာသာရပ်များနှင့်အတူ Digital Image Pro ၊ Adobe Photoshop 7.0 ၊ Adobe Illsutrator 10၊ Corel Drow 10၊ Show Biz စသည့် Software များကို အသုံးပြု၍ သင်ကြားသွားမည်ဖြစ်ရာ M-Plus Creative Media Group အမှတ် (၁၉၄) ၃၃လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၇၀၄၉၄၇၊ ၀၉–၅၀၀–၇၄၂၃ နှင့် e-Mail MRM @ mail 4u. com. mm, MRT @ mail 4u. com mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပရီမီယာရှစ်၏ ဒုတိယအကျော့ပွဲများ ပြန်စပါပြီ

ဟိန်းသန့်

ပရီမီယာရှစ်ပြိုင်ပွဲမှာ ၂၀၀၃ခုနှစ်အကုန်၌ ပထမအကျော့ပွဲများ အားလုံးကစားပြီးသွားခဲ့ပြီ ဖြစ်သည်။ ပထမအကျော့တွင်တစ်သင်းကို၁၉ပွဲစီကစားအပြီး၌မန်ယူက ရမှတ် ၄၆ မှတ်ဖြင့် ပြိုင်ပွဲကို ဦးဆောင်လျက်ရှိသည်။ မန်ယူနောက်မှာ အာဆင်နယ်က ၄၅ မှတ်ဖြင့် ဒုတိယလိုက်နေသည်။ အာဆင်နယ်၏ ထူးခြားချက်မှာ ပထမအကျော့ ၁၉ ပွဲကို အရှုံးမရှိ ကစားထားနိုင်ခြင်းဖြစ်သည်။ ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေ။ ထိုနှစ်သင်း နောက်တွင်ကား ချယ်လ်ဆီးအသင်းက ရမှတ် ၄၂ မှတ်ဖြင့် ရပ်တည်နေခဲ့သည်။

အဆင့်(၄)မှာရောက်နေသည့် အသင်းဖြစ်သည့် ချာလ်တန်အသင်းမှာ ရမှတ် ၃၀ သာရှိသေးရာ တတိယနေရာမှ ချယ်လ်ဆီးထက်ပင် ၁၂ မှတ် လျော့နည်းနေသည်။ ထိုအနေအထားအရဆိုလျှင် ယခုရာသီ၏ ပရီမီယာရှစ်ချန်ပီယံဆုအတွက် ထိပ်ဆုံးက သုံးသင်းဖြစ်သည့် မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့သာ ယှဉ်လုရဖွယ်ရှိနေပေပြီ။

ပရီမီယာရှစ်၌ ချန်ပီယံဆုအတွက် သုံးသင်းသာ ယှဉ်ပြိုင်ရဖွယ်ရှိသော်လည်း အတန်းမဆင်းရရေးအတွက်မူ အကြိုယ်အနယ်ကစားရင်း ရုန်းကန်ကြရမည့် အသင်းများများနေသည်။ ၁၉ပွဲစီကစားပြီးချိန်၌ အတန်းဆင်းရမည့် အန္တရာယ်ကြားထဲ၌ ဝုလ်ဖ်၁၄ မှတ် အဆင့်(၂၀)၊ လိဒ်စ် ၁၇မှတ် အဆင့်(၁၉)၊ တော့တင်ဟမ် ၁၈ မှတ်အဆင့်(၁၈) တို့ရောက် နေကြသည်။ သို့သော် အန္တရာယ်ကြားရောက်နေသော အဆင့်(၁၈)မှ တော့တင်ဟမ်နှင့် အဆင့်(၁၃)မှ မန်စီးတီးတို့ကြား အမှတ်ကွာခြားမှု သုံးမှတ်သာ ရှိနေသည်။ ထို့ကြောင့် အဆင့်(၁၃) မန်စီးတီးမှစ၍ အောက်ပိုင်း အသင်းများအနေဖြင့်လည်း အတန်းဆင်းရမည့် အန္တရာယ် စက်ဝိုင်းအတွင်းမှ မလွတ်သေးဟုဆိုနိုင်သည်။ ထိုအသင်းများထဲတွင် ဘလက်ဘန်း (၁၄)၊ မစ်ဒယ်ဘရော့ (၁၅)၊ ပို့စ်မောက် (၁၆)၊ လက်စတာ (၁၇)အသင်းများ ရှိနေသည်။

ထိုအသင်းများမှာ ဒုတိယအကျော့ ၁၉ပွဲ၌ အတန်းမဆင်းရရေးအတွက် ဝုလ်ဖ်၊ လိဒ်စ်၊ တော့တင်ဟမ်အသင်းများနှင့် အပြိုင်ရုန်းကန်ရဦးမည့်ပုံ ရှိနေသည်။ ထို့ကြောင့် ပရီမီယာရှစ်ဒုတိယအကျော့ပွဲများမှာ ချန်ပီယံဆုအတွက် သုံးသင်း၊ အတန်းမဆင်းရရေးအတွက် ရှစ်သင်းမှ ခြောက်သင်းလောက်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည့် အခြေအနေမျိုးဖြစ်နေသည်။

ဒုတိယအကျော့ပွဲများကို ဇန်နဝါရီ၇ရက်၌ ပြန်ကစားမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲများကို ပြန်စစ ချင်းပင် ပွဲစဉ် နှစ်ခုကို နှစ်ရက်သာခြားပြီး ဆက်တိုက် ဆိုသလို ကစားကြရဦးမည်ဖြစ်ရာ ပရီမီယာရှစ်အသင်းများ အနေဖြင့် အက်ဖ်အေပွဲများ၊ ပရီမီယာရှစ်ပွဲများကြား ဗျာများကြရဦးမည့်ပုံပင်။

ပွဲစဉ် (၂၀) ၇-၁-၂၀၀၄

အက်စတန်ဗီလာ-ပို့စ်မောက်

အက်ဖ်အေပွဲအဖြစ် မန်ယူနှင့်ကစားထားရ၍ ဗီလာတို့ ပွဲပန်းနေနိုင်သည်။ သို့ရာတွင် ပို့စ်မောက်အသင်းမှာလည်း ဗီလာကဲ့သို့ပင် အက်ဖ်အေပွဲ နွှဲထားရသည်။ ထို့အပြင် အသင်းမှာလည်း ဗီလာထက် သက်ကြီးကစားသမား ပိုများသည်။ ထို့ကြောင့် ပွဲပန်းမှုဒဏ်ကို ဗီလာထက်ပိုခံနေရနိုင်သည်။ ထို့အပြင် ပို့စ်မောက်၏ အဝေးကွင်းရလဒ်ကလည်း ခုချိန်ထိမစွံလှသေး။ အဝေးကွင်း၌ နိုင်ပွဲနတ္ထိ၊ သရေပွဲလေးပွဲသာရှိ၏။ ထိုခြေစွမ်းဖြင့် အိမ်ကွင်းမာသော ဗီလာကို ယှဉ်နိုင်ဖွယ်မရှိ။ နောက်ဆုံးကစားခဲ့သည့် အဝေးကွင်းလေးပွဲ၌လည်း တစ်ပွဲသရေ၊ သုံးပွဲရှုံး။ ရဂိုးမရှိ၊ ပေးဂိုးရှစ်ဂိုးရှိနေသည်။ ထို့ကြောင့် အန်ဟယ်လ်၊ ဗက်ဆဲလ်တို့ ဂိုးသွင်းခြေမြူးနေသော ဗီလာပင်နိုင်သွားမည့်ပုံရှိနေသည်။

ဘော်လ်တန်-မန်ယူ

ဘော်လ်တန်ကိုမန်ယူတို့သတိထားကစားရလိမ့်မည်။ ပြီးခဲ့သည့်ရာသီက ဘော်လ်တန်ကွင်း၌ မန်ယူတို့သရေကျထားသည်၊ ၁-၁။ ယခုနှစ်ရာသီ မန်ယူကွင်း၌ ကစားစဉ်က မန်ယူကနိုင်ထားသည်၊ ၄-၀။ ထို့ကြောင့် ယခုရာသီမှာ မန်ယူခြေပိုသာသလိုတော့ ရှိနေသည်။ ဘော်လ်တန်တို့မန်ယူကိုစိတ်ဓာတ်ဖြင့်သာ ယှဉ်ရကိန်းရှိနေသည်။ ဘော်လ်တန်တိုက်စစ်၌ စပိန်ကရောက်လာသည့် မိုရီနိုကို ပွဲထုတ်မည်လားမသိသေး။ သို့ရာတွင် ဘော်လ်တန်၏ ခံစစ်ကြောင်းမှာ ယခုနောက်ပိုင်းပွဲများ၌ ကျလာသလိုရှိနေသည်။ လက်ရှိခံစစ်ဖြင့် မန်ယူတိုက်စစ်က နစ္စတယ်ရွိုင်း၊ ဖော်လန်တို့ကို ထိန်းနိုင်ဖို့မမြင်မိ။ ထို့ကြောင့် မန်ယူကိုပင် အနိုင်ပေးကြည့်လိုက်မိသည်။

ချယ်လ်ဆီး-လီဗာပူး

လီဗာပူး၌ လူစုံလောက်ပြီဖြစ်သည်။ အိုဝင်၊ ကီးဝဲလ် ပြန်ပါလာလျှင် လီဗာပူးတိုက်စစ် သွေးကြွလာနိုင်သည်။ ထိုသို့ဆိုလျှင် ခံစစ်မငြိမ်သေးသည့် ချယ်လ်ဆီးတို့ အခက်တွေ့သွားမည်လား စဉ်းစားစရာပင်။ ချယ်လ်ဆီးခံစစ်၌ လီဗာပူးနှင့်ပွဲအတွက် ပြင်ဆင်မှုလုပ်ရန် ရေနီယာရီ စဉ်းစားရတော့မည်ဖြစ်သည်။

ခံစစ်ကြောင်း၌ လေးလံနေသော ဒက်ဆယ်လီကို သုံးမည်လား၊ အနားပေးထားရမည်လား ရေနီယာရီ ဆုံးဖြတ်ရတော့မည်။ ဒက်ဆယ်လီကိုမသုံးဘဲ မဲချော့၊ ဂါးလက်စ်၊ တယ်ရီ၊ ဘရစ်ဂျ်တို့ကို အသုံးပြုခဲ့ပါက ချယ်ဆီးခံစစ် စိတ်ချသွားရနိုင်သည်။ ကွင်းလယ်အတွက် စဉ်းစားလျှင် လီဗာပူးတစ်ပန်း ရှုံးနေသည်။ လီဗာပူးကွင်းလယ်၌ အားထားရသူစတီဖင်ဂျရတ် နှစ်ပတ်နားရမည်ဖြစ်ရာ ယခုပွဲ၌ ပါဝင်ကစားဖွယ်မရှိ။ ဂျရတ်မပါသော လီဗာပူးကွင်းလယ်မှာ ချယ်လ်ဆီးကို ယှဉ်နိုင်ဖွယ်မမြင်မိ။ ရှေ့တန်း၌ အိုဝင်၊ ခရက်စပို မည်သူပိုစွမ်းသည်ကို အဖြေထုတ်ပေးတော့မည်ဖြစ်သည်။

သို့ရာတွင် တိုက်စစ်အတွက် လီဗာပူးတို့အားကိုးရမည်က အိုဝင်၊ ကီးဝဲလ်လောက်သာရှိနေချိန်၌ ချယ်လ်ဆီး၌ ခရက်စပိုအပြင် ဟက်ဆယ်ဘိန့်ရှိသည်၊ ဂွတ်ဂျွန်ဆင်ရှိသည်၊ မူတူးရှိသည်။ ဂိုးသွင်းပေးနိုင်သူချယ်လ်ဆီးက ပိုသာသလိုရှိ၏။ သို့သော်လီဗာပူးအတွက် နာလန်ထအိုဝင်၏ ဂိုးသွင်းအစွမ်းကို အပိုင်တွက်ထား၍ မရသေးသလို ချယ်လ်ဆီးတိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည်ကလည်း ပေါ်တစ်ခါ ပျောက်တစ်လှည့်။

ထို့ကြောင့် နှစ်သင်းစလုံး၏ တိုက်စစ်အစွမ်းမှာ မတိမ်းမယိမ်းသာရှိ၏ဟု သတ်မှတ်ထားလိုသည်။ နည်းပြများဘက် တစ်ချက်လှည့်ကြည့်မိသည်။ နည်းပြနှစ်ဦးစလုံး ဖိအားများအောက် ကိုယ်စီရောက်နေကြသည်။ ဟူလီယားကလည်းအသင်းအရှုံးများကြောင့် ဖိအားဒဏ်ခံနေရသကဲ့သို့ ရေနီယာရီမှာလည်း သူ့ဖိအားနှင့်သူပင်။ နိုင်လျှင်ချယ်လ်ဆီး ပိုင်ရှင်သူဌေးကြောင့်၊ ရှုံးလျှင်နည်းပြကြောင့်ဟူသော ဝေဖန်မှုများအောက် အလုပ်လုပ်နေရသူဖြစ်သည်။ ထို့ကြောင့် နည်းပြနှစ်ဦးစလုံးအတွက် အနိုင်ကိုလိုအပ်နေသည့်အချိန်မျိုးဖြစ်နေသည်။ ကစားရမည့်ကွင်းက ချယ်လ်ဆီး၏ စတန်းဖို့ဒ်ဘရစ်ဂျ်မှာဖြစ်နေသဖြင့်ချယ်လ်ဆီးအတွက် အနည်းငယ်သာသလိုတော့ရှိနေသည်။

ထို့အပြင် ပထမအကျော့ အဝေးကွင်းတုန်းက ချယ်လ်ဆီးကပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထား၍ စိတ်ဓာတ်ရေးရာကပါ အသာရနေသည်။ လီဗာပူးတို့၏ အဝေးကွင်းနိုင်ပွဲကလည်း သုံးပွဲသာရှိသေးသည်ကလည်း လီဗာပူးတို့အနေဖြင့် ယခုပွဲကို အနိုင်ထက် မရှုံးရရေးကို ဦးတည်နေရဦးမည့်ပုံရှိနေသည်။ ချယ်လ်ဆီးသရေ သို့မဟုတ် အနိုင်ရသွားဖို့များနေသည်။

အဲဗာတန်-အာဆင်နယ်

ပြီးခဲ့သည့်ရာသီက အဲဗာတန်ကွင်း၌ ဝိန်းရူနီဆိုသည့် ကောင်လေးကြောင့် အာဆင်နယ်တို့ အဲဗာတန်ကို အရှုံးပေးခဲ့ရဖူးသည်၊ ၂-၁။ ယခုပွဲ၌ အာဆင်နယ်တို့လို အဖြစ်မျိုး အဖြစ်ခံတော့မည်မဟုတ်။ ပြီးခဲ့သည့်ရာသီက အာဆင်နယ်တို့ ထိပ်ဆုံးက ဦးဆောင်နေသည့်အချိန်မျိုး ဖြစ်နေ၏။ ကစားသမားများ၏ ယုံကြည်မှုများ လွန်ကဲနေချိန်ဖြစ်သည်။ ယခု ဤသို့မဟုတ်၊ အာဆင်နယ်တို့ မန်ယူကို အမီလိုက်ဖို့ ကြိုးစားနေရချိန်ဖြစ်သည်။

ထို့ကြောင့် အမှတ်ရထားဖို့ အရေးကြီးနေချိန်မျိုး ဖြစ်နေသည်။ သို့မှသာ မန်ယူကို ဖိအားလိုက်ပေးနိုင်မည် ဖြစ်ရာ အာဆင်နယ်တို့ ယခုပွဲကို အတိမ်းအစောင်း အဖြစ်ခံလိမ့်မည် မထင်မိ။ ကစားသမားအနေဖြင့်လည်း ယခု ရာသီ၌ စိတ်ဓာတ်ပိုင်း ပိုမို တိုးတက်လာသည့်အပြင် အသင်းမှာလည်း လူစုံကစားနိုင်ပြီဖြစ်နေရာ အဲဗာတန်ကို အနိုင်ရအောင်ယူရင်း မန်ယူကိုဖိအားပေးလိမ့်မည်ထင်သည်။

မန်စီးတီး-ချာလ်တန်

ပထမအကျော့ချာလ်တန်ကွင်း၌ ကစားခဲ့စဉ်က မန်စီးတီးကို ၃-၀ဖြင့် အနိုင်ကစားထားသည်။ သို့သော် လက်ရှိအချိန်၌ နှစ်သင်းစလုံး၏ အနေအထားမှာ ထိုပွဲကစားစဉ်ကနှင့်မတူတော့။ ချာလ်တန်ခြေတက်နေပြီးအဆင့် (၄)အထိရောက်နေချိန်၌ မန်စီးတီးမှာ အဆင့် (၁၃) သို့ ရောက်နေသည်။ နောက်ဆုံးကစားထားသည့်ရှစ်ပွဲဆက်တိုက် မန်စီးတီးနိုင်ပွဲ ပျောက်နေသည်။ နောက်ပိုင်းပွဲများ၌ တိုက်စစ်ပိုင်းအနည်းငယ် တိုးတက်လာသလိုရှိသော်လည်း ခံစစ်က ယိုယွင်းနေဆဲပင်။ ကီဂန်းကတော့ သူ့အသင်းကို အကောင်းမြင်နေဆဲ ရှိသော်လည်း အသင်းခြေစွမ်းက ကစားပုံကောင်းပြီး နိုင်ပွဲမရဘဲ ဖြစ်နေသည်။

ထိုခြေဖြင့် စုစည်းမှုအားကောင်းပြီး ကွင်းသိပ်မရွေးလှသော ချာလ်တန်ကို အနိုင်ရလိမ့်မည်ဟု မထင်မိ။ သရေပွဲဖြစ်သွားလိမ့်မည်ဟု ထင်မိသည်။

မစ်ဒယ်ဘရော့-ဖူလ်ဟမ်

မစ်ဒယ်ဘရော့ ကစားပုံကောင်းသည်။ သို့သော် ဂိုးမရဘဲဖြစ်နေ၍ သရေပွဲများ အဖြစ်များနေသည်။ ခံစစ်က ဆောက်ဂိတ်၊ အီဟုဂိုတို့ဖြင့် မာကျောတောင့်တင်းနေရ၍ တော်ရုံအသင်းကလည်း ထိုးဖောက်ဂိုးသွင်းရန် မလွယ်လှ။ ဖူလ်ဟမ်းတိုက်စစ်မှူးများ၏ အစွမ်းမှာ မဆိုးလှ။ ဂိုးသွင်းနိုင်စွမ်းတော့ ရှိနေသည်။ သို့သော် အသင်းအနေဖြင့် အဝေးကွင်း၌ ခံစစ်သိပ်မလှ။ ရှေ့ကသွင်းသည့်ဂိုး နောက်ကပြန်ပေးနေရသည်။ ရှေ့ကဂိုးမသွင်းနိုင်သည်နှင့် ဖူလ်ဟမ်းတို့ မရှုမလှ ရှုံးတော့သည်။ အနီးစပ်ဆုံးပွဲ အက်စတန်ဗီလာ ၃-၀ ဖူလ်ဟမ်။

သို့ရာတွင် မစ်ဒယ်ဘရော့ တိုက်စစ်က ဗီလာတိုက်စစ်လောက် မထက်မြက်ရာ ဖူလ်ဟမ်တို့ ယခုပွဲကို သရေမျှော်လင့်ခွင့် ရှိနေသည်။

နယူးကာဆယ်-လိဒ်စ်

နယူးကာဆယ်နည်းပြကြီး ဘော်ဘီရော့ဘ်ဆင်နှင့် အသင်းသားများကို အသင်းဥက္ကဋ္ဌ ရှက်ပတ်ကိုယ်တိုင် ဝေဖန်နေရသည်။ ထို့ကြောင့် ယခုပွဲ၌ ဥက္ကဋ္ဌ၏ မျက်နှာရစေရန် နယူးကာဆယ်တို့ ကြိုးစားလိမ့်မည်။ လိဒ်စ်အသင်းကလည်း အတန်းဆင်းဇုန်မှ လွတ်အောင်ရုန်းနေသော်လည်း ခြေစွမ်းကမငြိမ်သေး။ အဝေးကွင်း၌ ဝုလ်ဖ်ကိုပင် အရှုံးပေးထားရသည်၊ ၃-၁။ ထို့ကြောင့် အိမ်ကွင်း၌ ခြေပိုတွေ့လေ့ရှိသည့် နယူးကာဆယ်ကို လိဒ်စ်တို့ ယှဉ်နိုင်ဖွယ်မမြင်မိ။ နယူးကာဆယ်အတွက် ရှီးယားရား ဂိုးသွင်းနိုင်ဖို့သာ အရေးကြီးနေသည်။ နယူးကာဆယ်နိုင်ဖို့ အလေးသာနေသည်။

ဆောက်သမ်တန်-လက်စတာ

လက်စတာအသင်းကစားပုံ မဆိုးလှသော်လည်း အဝေးကွင်း၌ ခံစစ်ကစားပုံ သိပ်မကောင်းလှ။ ဆောက်သမ်တန်တွင် ဘီတီ၊ ဖိလစ်အပြင် အိုမာရော့ပါ ပြန်ကစားနိုင်လောက်ပြီဖြစ်ရာ တိုက်စစ်အား ပိုတက်လာနိုင်သည်။ ထို့အပြင် နောက်ဆုံးနှစ်ပွဲဆက်တိုက် အရှုံးပေါ်ထား၍လည်း ယခုပွဲကို ဆောက်သမ်တန်တို့ နိုင်ပွဲရရေးအတွက် ပိုပြီးအားထုတ်ဖွယ်ရှိနေသည်။ ဆောက်သမ်တန်နိုင်ရန် ရာခိုင်နှုန်းပိုများနေသည်။

တော့တင်ဟမ်-ဘာမင်ဂမ်

တော့တင်ဟမ်တို့ အတန်းဆင်းဇုန်ထဲမှ လွတ်အောင် ရုန်းရတော့မည်ဖြစ်သည်။ အသင်းအနေဖြင့် ကစားပုံ မဆိုးလှသော်လည်း တိုက်စစ်က ဂိုးသွင်းခြေ ပုံမှန်မရှိ၍ တော့တင်ဟမ်အတွက် အခက်တွေ့နေရသည်။ ဘာမင်ဂမ်ကလည်း ခံစစ်ကစားပုံမာရာ ယခုပွဲလည်း တော့တင်ဟမ် အနိုင်ရရေး အခက်တွေ့ဦးမည့်ပုံပင်။ သို့သော် အသင်းအနေဖြင့် အမှတ်ရရေးအတွက် အရေးကြီးနေသည့် အချိန်ဖြစ်နေသဖြင့် အိမ်ကွင်း၌ ကစားရမည့် အခွင့်အရေးကို တော့ဟင်ဟမ် လက်လွတ်ခံတော့မည်မထင်မိ။ တော့တင်ဟမ်အနိုင် သို့မဟုတ် သရေပင်။

ဝုလ်ဖ်-ဘလက်ဘန်း

နှစ်သင်းစလုံး ရုန်းကန်နေကြရတာချင်း တူကြသည်။ ဝုလ်ဖ်အသင်းအိမ်ကွင်း၌ ပိုခြေတွေ့တတ်သလို ဘလက်ဘန်းကလည်း အခုတလော ခြေပြန်မှန်လာသလို ရှိသည်။ အထူးသဖြင့် နယူးကာဆယ်ကို အဝေးကွင်း၌အနိုင်ရလိုက်၍ ကစားသမားများကြား ယုံကြည်မှုများ ပိုအားကောင်းလာနိုင်သည်။ သို့သော်လည်း ဝုလ်ဖ်တို့၏ အိမ်ကွင်းကစားအားနှင့် ရုန်းထွက်အားကိုလည်း လျှော့တွက်ထား၍ မရ။ သရေပွဲဟု ခန့်မှန်းထားလိုက်လျှင် ကောင်းမည် ထင်ပါသည်။ ။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆင်ပေါင်ဝဲမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးစွာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ဘုရားငါးဆူဇာတ်ရုံတွင် ကျင်းပရာ ပထမဆုရ မအေးယုလှိုင် (လက်ပန်ကျေးရွာ)အား မြို့နယ်အမျိုးသမီးအားကစားအဖွဲ့ နာယက အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌဒေါ်တင်စန်းက ဆုချီးမြှင့်စဉ်။ (၃၈၅)

ဘောလုံးပြိုင်ပွဲဆုပေး

ကာမိုင်း ဒီဇင်ဘာ ၃၀

ကာမိုင်းဒေသ ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က ကာမိုင်းမြို့အားကစားကွင်းတွင် ကျင်းပရာ ကာမိုင်းအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက အနိုင်ရဗိုလ်စွဲသွားသော နန့်ယားကျေးရွာ အသင်းအား ဒိုင်းဆုကို ချီးမြှင့်သည်။ အခမ်းအနားသို့ ကာမိုင်းဒေသရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုပ္ပားမြို့သန့်ရှင်းသာယာလှပရေးအတွက် တြိဂံပုံလမ်းလယ်ကျွန်းအတွင်း မြေယာရှုခင်း အလှပြုပြင်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦး စစ်ဆေးကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

စည်ပင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ မြို့နယ်တွင်းလမ်းများစစ်ဆေး

မလှိုင် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှနှင့်အဖွဲ့သည် မလှိုင်မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသော ရိုးမအနောက်လမ်း (ခရိုင်ချင်းဆက်လမ်း) ပေါ်ရှိ မြေသားလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၆ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် မိတ္ထီလာ-မြင်းခြံကားလမ်းမှ ကျင်းသာ-ဆင်မကြပ်လမ်းခွဲအထိ အရှည် ၂မိုင် ၆ ဖာလုံရှိသော လမ်း ဖြစ်သည်။ **(၄၁၉)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သထုံခရိုင်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သထုံခရိုင် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အာမခံ လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်တို့က ခရိုင်ရုံး နှစ်ထပ် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အဆောက်အအုံသစ်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

(က-ပ)

အဋ္ဌမအကြိမ်ရက်(၆၀)ဝိပဿနာစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့ သုံးဆူတန်း မဟာစည်သာသနာ့ရိပ်သာခွဲ တရားစခန်းတွင် နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သာဂရ ဆရာတော်ကကြီးမှူးပြီး အဋ္ဌမအကြိမ်ရက်(၆၀) ဝိပဿနာတရားစခန်းပွဲကို၁၃၆၅ခုနှစ် ပြာသိုလပြည့်နေ့(ဇန်နဝါရီ ၆ရက်)မှတပေါင်းလပြည့်နေ့ (မတ် ၆ရက်)အထိ ကျင်းပသွားမည် ဖြစ်သည်။

တရားစခန်းဝင်လိုသည့် ယောဂီများ ဖုန်း-၀၆၁-၅၀၃၇၀၊ ၀၆၁-၅၀၀၁၁၊ ၀၆၁-၅၀၆၁၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ခွဲအမှတ် (၁၄၆)၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက် တရားစခန်းပွဲကို ပြာသိုလပြည့်ကျော် ၆ရက်မှ ၁၂ရက် (ဇန်နဝါရီ ၁၂ရက်မှ ၁၈ရက်)အထိ ကျင်းပ မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကို နယ်လှည့် သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကေသဝ (ပျော်ဘွယ်) အရှင်မြတ်မှ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆုချီးမြှင့်

တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ရက်က ကျင်းပရာ ဒုတိယတန်း ပထမဆုရ စိုင်းကျော်ဇင်ဟိန်းအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဲလျှာဝင်းက ဆုချီးမြှင့်စဉ်။ (၄၂၀)

အထက(၁)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသက်(၆၀)ကျော် ရပ်ဝေးရပ်နီးမှ မြတ်ဆရာများအား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များ၏ အာစရိယပူဇော်ပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ကန်တော့ပွဲအတွက် အကြိုညှိနှိုင်း ဆွေးနွေးပွဲများကို ဇန်နဝါရီ ၁၁၊ ၁၈နှင့် ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက(၁) မင်္ဂလာဒုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ကျောင်းအုပ်ကြီး အထက(၁) မင်္ဂလာဒုံ ဖုန်း-၆၃၅၀၇၅၊ ဗိုလ်မှူးညွန့်အောင် (ငြိမ်း) ဖုန်း-၆၃၅၂၀၂၊ ဗိုလ်ကြီးမောင်မောင်(ငြိမ်း)ဖုန်း-၇၀၇၁၄၈၊ ဦးခင်မောင်ရင် ဖုန်း-၅၆၀၅၂၄၊ ဦးအံကူ ဖုန်း-၆၄၂၀၂၉၊ ဦးခင်မြင့်ကြီး ဖုန်း-၆၃၆၄၈၇၊ ဦးခင်မောင်ဝင်း ဖုန်း- ၅၈၀၆၆၂၊ ဦးစိုးနောင် ဖုန်း-၆၃၅၅၉၃၊ ဦးစိုးမြင့် ဖုန်း- ၆၃၅၈၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၃) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘ-ဆရာ စုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပရာ ပထမတန်း ပထမဆုရ မောင်မျိုးထက်မင်းအား ကျောင်းအုပ် ဆရာကြီး ဦးအုန်းကျော်က ဆုချီးမြှင့်စဉ်။ (၄၀၀)

ဆုချီးမြှင့်

ဇန်နဝါရီ ၂ရက်က တွံတေးမြို့နယ် ရွှေဆံတော် အမက ၂၀၀၂-၂၀၀၃ ပညာရည်ချွန် ဆုပေးပွဲကို ရွှေမဥ္ဇူ ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်တင့်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မအိအိဖြိုးနိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ညောင်တပင်ကျေးလက်လမ်း တည်ဆောက်မှုကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၅

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့သည် ဒီဇင်ဘာ ၃၁ ရက်ကအဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် ညောင်တပင် ကျေးလက်လမ်း တည်ဆောက်မှုကို ကွင်းဆင်း ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမှာ အရှည် ၁မိုင် ၃ဖာလုံ ရှိပြီး ငွေကျပ် ၂၃သိန်းအကုန်ကျခံကာတည်ဆောက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Standard Ten Work Book စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် ယူနစ် ၁၅ခုမှ မေးခွန်းပုံစံ ၃၀ကို ဖြေပြပြီး မေးခွန်းအပုဒ်ပေါင်း ၂၇၀ ကျော် နှင့်အတူ စာမေးပွဲမေးခွန်းပုံစံ အတိုင်း ဘယ်လို လေ့လာရမယ်၊ လေ့ကျင့်ရမယ်၊ ကျက်မှတ်ရမယ်၊ ဖြေဆိုရမယ်ဆိုသည့် မေးခွန်းအလိုက် ဖြေဆိုနည်းလမ်းညွှန် စာအုပ်ကို ဆရာ ဦးအောင်သိန်းဟန်က စာပေမွေ့သူ စာအုပ်တိုက် အမှတ် (၁၇၃) ၃၆လမ်း (လယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မှ Standard Ten Work Bookစာအုပ်ကို ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

တမူးမြို့ပြလမ်း လုပ်ငန်းဆောင်ရွက် ခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ် အတွက် ဈေးတောင်ဘက်လမ်း ပေ ၅၂၀ × ၁၂ပေရှိ မြို့ပြလမ်းကို ငွေကျပ် ၆၁၀၀၀၀ အကုန်အကျခံ၍ ကျောက်ချောလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်က ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော် ဈေးတောင်ဘက်လမ်း၊မြို့ပြလမ်းလုပ်ငန်း ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုများကို ကွင်းဆင်း စစ်ဆေးကြည့်ရှုသည်။

လုပ်ငန်းခွင်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးကျော်ဆိုင်တို့က လုပ်ငန်းခင်းကျင်းဆောင်ရွက်မှုအား ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က လမ်းရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လမ်းပခုံးသားများ ကောင်းမွန်အောင်ပြုလုပ်ခြင်း၊လမ်း ဘေးရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ကြရန် ဖြည့်စွက် မှာကြားခဲ့သည်။

(နယ်စပ်/စည်ပင်)



ကောင်းသန့်စာပေ အမှတ် ၂၀၉ ပထမထပ်(ယာ) ၃၈လမ်း (ထက်) ရန်ကုန်မြို့ ဖုန်း-၇၂၂၀၅၃၈က ထုတ်ဝေဖြန့်ချိသည့် ဆရာမိုး (Followme) ၏ Break Through အင်္ဂလိပ် စကားပြောအတွဲ-၂ စာအုပ်မျက်နှာဖုံး။ (က-ပ)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမက (၈) ပညာရည်ချွန်ဆုပေးပွဲတွင် ယာယီကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရွှေက ပထမတန်း ထူးချွန်ဆုရ ကျောင်းသူ မ မမမိုးထက်အောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အ–ထ–က နတ်စင်ကုန်း(တောင်ငူ) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အသက်(၆၀)ပြည့် မြတ်ဆရာ၊ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို နတ်စင်ကုန်းကျောင်း၏ အနန္တမေတ္တာခန်းမတွင် ၁၁–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဤကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လိပ်စာအဆက်အသွယ်ပြောင်းလဲ၍ အပူဇော်ခံစာရင်းတွင် မပါဝင်သေးသော ဆရာ ဆရာမကြီးများရှိနေပါသဖြင့် အချိန်မီဆက်သွယ်ပေးပါရန် အထူးပန်ကြားအပ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဗိုလ်ကြီးသက်လွင် (ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ) ဖုန်း ၀၅၄–၂၇၂၆၃၊ တောင်ငူ
၂။ ဗိုလ်မှူးမင်းအောင် (ပညာရေး ၅) ဖုန်း ၀၅၄–၂၇၁၄၅၊ တောင်ငူ
၃။ ဒေါ်သန်းသန်းမြင့်(အထက်တန်းပြ) အထက(၁) ဖုန်း ၀၅၄–၂၃၀၈၄၊ တောင်ငူ
၄။ ကိုကျော်ဇေယျ ဖုန်း၀၁–၅၈၀၃၈၆၊ ရန်ကုန်

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ





JAPAN
လီ(ဒ်)ဂစ်တာ(Second)
သန့်သန့်ရှိပြီ
ခိုင်မာဂစ်တာဆိုင်
(၈) ကျိုက်ဝိုင်းဘုရားလမ်း
သမိုင်းလမ်းဆုံအနီး
ဖုန်း–၆၆၂၈၅၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၂)
အင်းစိန်မြို့နယ်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၁/၂၀၀၄

၁။ ဦးစိုးတင့် နှင့်	၁။ ဒေါ်လှရင်
၂။ ဒေါ်သီတာအေး	၂။ ဒေါ်စိန်
အမှတ် (၅၁၁/ဘီ) အဝေရာလမ်း	၃။ နော်ဆေးလ်ဗီးယား
နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်	အမှတ် (၁၅) ဦးအောင်ကျော်ကုန်းလမ်း၊
ရန်ကုန်တိုင်း	ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့
	၄။ မတင်တင်အုန်း
	၅။ ဒေါ်ခင်နွဲ့ရီ အမှတ် ၁၉၊
	လန်ကစ္စတာလမ်း၊ ရန်ကုန်မြို့
တရားလိုများ	**တရားပြိုင်များ**

တရားပြိုင်များ – ဒေါ်လှရင်ပါ (၅) (ယခုနေရပ်လိပ်စာမသိ)

တရားလိုများ – ဦးစိုးတင့်ပါ (၂)မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ ရက် (၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူများမှ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးပြီး တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးသန်းထွင့်အောင်
ဒုတိယမြို့နယ်တရားသူကြီး(၂)
အင်းစိန်မြို့နယ်တရားရုံး

တရားမအထွေထွေလျှောက်လွှာ(အထူး)ကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
တရားရုံးချုပ်၊ ရန်ကုန်မြို့
၂၀၀၃ ခုနှစ် တရားမအထွေထွေလျှောက်လွှာ အမှုအမှတ် ၂၇(အထူး)

ဦးငွေလွင် **လျှောက်ထားသူ** **နှင့်** ဒေါ်ချိုချိုမာ ပါ(၄) **လျှောက်ထားခံရသူများ**

၂၀၀၃ ခုနှစ် ဧပြီလ ၇ ရက်နေ့စွဲပါ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ(၂)နှင့် လျှောက်လွှာပြင်ဆင်ခွင့်ပြုပါရန်လျှောက်ထားသည့် လျှောက်လွှာနှင့်ပတ်သက်၍ အမှတ် ၁၂၈၄၊ သဒ္ဒါရုံ ၁ လမ်း၊ (၂)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ လျှောက်ထားခံရသူ ဦးမောင်ပု သိစေရမည်။ ဤအမှုတွင် လျှောက်လွှာတစ်စောင်ကို လျှောက်ထားသူ ဦးငွေလွင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုလျှောက်လွှာကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ် ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။ အမိန့်အရ–

ဒေါ်စုငယ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊
တရားမဌာနခွဲ(၃)၊ ဌာနစု(၄)၊ တရားရုံးချုပ်၊ ရန်ကုန်မြို့

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း–၂၄၈၀၆၄

သမားတော်ကြီးဝိဇ္ဇာ လိပ်ခေါင်း၊ ဂရင်ဂျီနာ အထူးကု

စအိုနှင့်စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က (စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်က အသက်အန္တရာယ်ရှိသည်)။ လိပ်ခေါင်းအတွင်းအပြင်ထွက် စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့ ပူစပ်၊ စအိုကျွံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝ အဖုအသီး၊ ဂရင်ဂျီနာ သွေးပြည်ထွက်၊ စအိုနာ၊ စအိုကျဉ်း၊ စအိုပိတ်၊ စအိုကင်ဆာ (မခွဲမဖြတ်မနာ– မပူမစပ် ပျောက်ကင်းအောင်ကုသပေးမည်)။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က (အသက်အန္တရာယ်ရှိသည်)။ ဝါရင့်ဆရာမရှိသည်။ အကျိတ်မျိုးစုံ (မခွဲမဖြတ်ပျောက်ကင်းအောင်ကုသပေးမည်)။ အရေပြားရောဂါ ခရသင်း သမင်ဖြူ၊ နီ၊ ညို၊ မည်း၊ ယောကျ်ားကာလသားရောဂါများ ပျောက်ကင်းအောင် ကုသပေးမည်။

ပင်မဝိဇ္ဇာ – အမှတ် ၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။ (တစ်နေကုန်ဖွင့်သည်)

ပင်မဝိဇ္ဇာ – အမှတ် ၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊ မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။

ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်

သနပ်ပင် ဒီဇင်ဘာ ၃၀

သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ဖွင့်ပွဲနှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဖွဲ့စည်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျေးရွာရုံး၌ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးမှူး ဒေါ်တင်တင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အသင်းခွဲဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

အသေးစားချေးငွေလုပ်ငန်းအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

ကလေး ဒီဇင်ဘာ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ စစ်ကိုင်းတိုင်းကလေးမြို့ရုံးခွဲ အဆောက်အအုံသစ်ပြောင်းလဲဖွင့်လှစ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက်က အဆောက်အအုံသစ်တည်ရှိရာ အမှတ် ၂၅ ဗိုလ်ချုပ်လမ်း အောင်မင်္ဂလာရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရုံးခွဲအဆောက်အအုံသစ်ကို ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** **(က–ပ)**

မြန်မာ့အသံ

၇–၁–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း
၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓမ္မဂီတနှင့်ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး 'နံ' ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလှညွန့်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (မြန်မာကိုမြန်မာဟုခေါ်ပါ– တက္ကသိုလ်မြတ်သူ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဖားစည်–ဦးမင်းနိုင်)

ညနေပိုင်း
၁၇း၃၀ အစာနှင့် အာဟာရ (ပလာတူးနှင့် ငါးကွမ်းရှပ်)
၁၇း၄၅ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ် (စောင်း) (မွန်ပြည်နယ်မှ ဦးအောင်ပြည့်စုံ၏ စောင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေကဏ္ဍ
(၁) နက္ခတဗေဒ နယနှင့် ဝိဇ္ဇာရေနယအမေးအဖြေနှင့် တိုင်းရင်းဆေးဗဟုသုတများ– (ဦးအောင်ဇေယျမင်း–တိုင်းရင်းဆေးသမားတော်ကြီး)
(၂) စာပေဗိမာန်စာမူဆုရသရပါ အဝင်ကဗျာများ (ပြင်စည်အောင်–ခရာတော)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မေတ္တာလက်ဆောင်ပေးပို့တဲ့ ဆောင်းဦးရွက်ကြွေ ချစ်သက်သေ တေးစီးရီး)

ဒီဇင်ဘာ ၁၈ ရက်က ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ယင်းမကန်ကျေးရွာအုပ်စုဘုတာရွာတွဲဖက်အထက၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကျီးညိုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(၂၃၀)

BRIGHTER

မွေးနေ့ဆုတောင်း

စိုးတေဇ **စိုးမေခ**
၃-၁-၂၀၀၄ **၆-၁-၂၀၀၄**

ရင်နှစ်သည်းချာ မြေးရတနာများ မွေးနေ့ချိန်ခါ ကျရောက်လာမို့ ကျန်းမာပျော်ရွှင် စိတ်ကြည်လင်ကာ လူချွန်လူကောင်း ဖြစ်စေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။မွေးနေ့ ၁၂၀ ရှည်စေသော်။

ချစ်ဘိုးဘိုး– ဦးစိုးတင်(တရားရုံးရှေ့နေ)၊ **ချစ်ဘွားဘွား**–ဒေါ်မြင့်မြင့်ကြည် (Dolly)
ချစ်ဖေဖေ – ဗိုလ်မှူးစိုးသူရ **ချစ်မေမေ**– ဒေါ်နုနုထွေး(ကြဲကြဲ)
ချစ်ဒေါ်ဒေါ်ကြီး–ဒေါ်စိုးကေခိုင် **ချစ်ဒေါ်ဒေါ်ငယ်**–ဒေါ်စိုးဟေမာ
ချစ်ဦးဦး – ဦးစိုးကျော်စွာ(ဘားအံ)

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ပဲခူးတိုင်း ဒိုက်ဦးမြို့ အမှတ်(၇)ရပ်ကွက်နေ (ဘ)ဦးဖေစော(ခ) ဦးဂျပန်၏ သမီးဖြစ်သူ ကျွန်မ မသန္တာလှိုင် ၇/ဒဥန(နိုင်)၀၀၁၄၆၇နှင့် ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ အမှတ်(၄)ရပ်ကွက်နေ (ဘ) ဦးမြင့်ဆွေ၏သား ကိုသက်အောင်ဖုန်း ၇/ဒဥန(နိုင်)၀၉၄၀၁၈တို့သည် ဒိုက်ဦးမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၈၃/၂၀၀၃အရ ၁၂-၁၂-၂၀၀၃ ရက်တွင် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ကိုသက်အောင်ဖုန်းသည် ကျွန်မနှင့်မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

မသန္တာလှိုင်၊ ဒိုက်ဦးမြို့။

ကန်ထရိုက်တာ ဦးထွန်းမင်းနှင့် အများသိစေရန်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၂၄၄/၂၅၄ဟု ခေါ်တွင် သောနေရာတွင် အဟောင်းဖျက်၍ တိုက်သစ်ဆောက်လုပ်ရာတွင် လက်ရှိနေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေဦးမြင့်သိန်းသည် ကန်ထရိုက်တာဦးထွန်းမင်းထံမှ အဆိုပါတိုက်သစ်၏ ငါးလွှာရှိအခန်းတစ်ခန်းကို ငွေသိန်း ၁၅၀ဖြင့်သဘောတူညီပြီးဝယ်ယူခဲ့ရာ ၂၈-၁၁-၂၀၀၂ ရက်တွင် ကြိုပွိုင့်စရန်ငွေအဖြစ် ငွေကျပ်သိန်း ၂၀ အား ကြိုပွိုင့်အရောင်းအဝယ်စာချုပ်ဖြင့် ဦးထွန်းမင်းထံ ပေးအပ်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါစာချုပ်တွင် မြေကြီးတူးသည့်နေ့မှစ၍ တစ်လလျှင် ငွေကျပ် ၁၀သိန်းအား ကန်ထရိုက်တာသို့ ပေးသွင်းရန်ပါရှိရာ ကျွန်ုပ်၏မိတ်ဆွေမှ စာချုပ်ပါစည်းကမ်းအတိုင်း လစဉ်ငွေ ၁၀ သိန်း သွားရောက်ပေးအပ်သော်လည်း ဦးထွန်းမင်းမှ လက်ခံခြင်းမပြုဘဲ အမျိုးမျိုးရှောင်ရှားနေခဲ့ပါသည်။

သို့ပါ၍ အဆိုပါအခန်းအား တစ်ဆင့်ရောင်းချခြင်း၊ပေးကမ်းခြင်း၊လွှဲပြောင်းခြင်း၊ စရန်ငွေပေးချေဝယ်ယူပြီးသူအား တစ်နည်းနည်းဖြင့် နစ်နာစေခြင်း စသည်တို့အား မပြုလုပ်ရန်နှင့် နှစ်ဦးသဘောတူတိုက်ခန်း ကြိုပွိုင့်အရောင်းအဝယ်စရန်ပေး ကတိစာချုပ်အား အလေးအနက်ထားလိုက်နာပါရန် သတိပေးအပ်ပါသည်။

သို့မဟုတ်ပါက ဥပဒေအရ အရေးယူတရားစွဲဆိုမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးမြင့်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးရဲမင်းစိုး L.L.B၊ တရားရုံးရှေ့နေ(၅၁၁၁)
၆၂၊ ပင်းယ ၁၁ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာ

ကျေးဇူးဆပ်ပါမည် ငွေစည်သူ (ON-4235) ကုန်တင်ရေယာဉ်၏ မူရင်းဂရန်နှင့် L.S.A ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဒေါ်ရန်အိ (ဖုန်း-၂၉၀၅၆၂)

ဒုတိယဗိုလ်မှူးကြီး ဌေးလွင်(ငြိမ်း)

(၆-၁-၂၀၀၄)

မိသားစုရင်ထဲမှာတော့ ဖေဖေ အတူရှိနေဆဲ အားလုံး ဒီအတိုင်းလိုပါပဲ။ တကယ်အမှန် ဖေဖေ မရှိတော့ဘူးဆိုတာ သတိထားပြီး ဖေဖေ့ကိုရည်စူးလျက် ကုသိုလ်ကောင်းမှုများ အဆက်မပြတ်ပြုလျက်ရှိပါသည်။

မိသားစုပြုသမျှ ကုသိုလ်ကောင်းမှု၏ ကောင်းကျိုးကို မိသားစုနှင့်ထပ်တူ ဖေဖေ ရရှိခံစားပြီး အဆင့်ဆင့်မြင့်သောဘဝသို့ရောက်ရှိ၍ ရတနာသုံးပါးကို သိရှိကိုးကွယ်နိုင်ပါစေ။

မေမေနှင့်မိသားစု

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ပုဂ္ဂလိကဝင်ငွေ၊အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာ များကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)နှင့်၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါလုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

OD Tour ၏နှစ်သစ်မင်္ဂလာဆုတောင်း
Jan 16,23 Jan 16,23
Jan 16,23 Jan 11,15,25,29(Flight) Jan 28(Boat)
Jan 30
OD Tour 52A Ph. 504808, 537672

ဝန်ထမ်းအလိုရှိသည်
၁။ B.Ag ကျား/မ (၁၀)ဦး
၂။ Marketing Assistant ကျား/မ (၃)ဦး
Marketing
Marketing

ပလတ်စတစ်တံဆိပ်ကပ်ကော်နှင့် ကောက်ရိုးဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်ကာလ	ပေးသွင်းရမည့်နေရာ
၁။	(က) ပလတ်စတစ်တံဆိပ်ကပ်ကော်	၁၄၀၀၀ ပေါင် (ပေါင်တစ်သောင်း လေးထောင်တိတိ)	၁၄-၂-၂၀၀၄ မှ ၁၃-၂-၂၀၀၅ ထိ	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
	(ခ) ကောက်ရိုး	၉၄၅၁၃၀ ပေါင် (ပေါင်ကိုးသိန်း လေးသောင်း ငါးထောင့်တစ်ရာသုံးဆယ်တိတိ)	၅-၃-၂၀၀၄ မှ ၄-၃-၂၀၀၅ ထိ	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
၂။	တင်ဒါပိတ်ရက် –	(၉-၁-၂၀၀၄) သောကြာနေ့ မွန်းလွဲ ၂:၀၀ နာရီ		

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို သိရှိလိုပါက မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ဦးချိန်ဝှက် (ကော့ကရိတ်)

အသက်(၇၅)နှစ်

ကော့ကရိတ်မြို့နေ (ဦးပန်းအေး–ဒေါ်ကြင်စိန်)တို့၏သားကြီး၊ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံ ၁၅ လမ်း၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ရင်စိန်)၏ခင်ပွန်း၊ (ဦးတင်ဝင်း)၊ ဒေါ်ရင်ကြည်တို့၏အစ်ကို၊ ဒေါက်တာဦးမောင်မောင်ကြည်–ဒေါ်ခင်စန်းမြင့် (ခင်သူဇာလွင်စိန်ရတနာဆိုင်ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဦးဇော်မြင့်–ဒေါ်မို့မို့ဝင်း (M.M.W Enterprise Ltd.)၊ ဦးသန်းအောင်–ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဝင်းနိုင်–ဒေါ်ချိုချိုလင်း၊ (ဦးသီဟန်)၊ ဒေါ်နီနီလွင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၅–၁–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သင်းသင်း

အထပြ(ငြိမ်း)၊အထက(၁)အင်းစိန်

အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်း၊ ဘီအိုစီရပ်ကွက်၊ အမှတ် ၆၅၁ နေ (အငြိမ်းစားရဲအရာရှိ ဦးဘရွှေ–ဒေါ်မြသီ)တို့၏သမီးထွေး၊ အငြိမ်းစားဒုတိယရဲမှူးကြီးစန်းညွန့်မောင်–ဒေါ်နွဲ့(ကျောက်ဆည်)၊ ဒေါ်နွဲ့နွဲ့၊ (အငြိမ်းစားအမကပြ) ဒေါ်ခင်ခင်၊ အငြိမ်းစား ရဲမှူးကြီးစောမြင့်–ဒေါ်တင်တင်ဝင်းတို့၏ညီမ၊ ထောင်မှူး ဦးချိုအေး–ဒေါ်လွင်လွင်အုန်းကျော်တို့၏အဒေါ်သည် ၂–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ထိုနေ့ညနေတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်မြ (မြင်းခြံ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ၂၁(ဂျီ)၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေ ဦးထွန်းတင်–ဒေါ်ဒေါ်ရင်တို့၏ သမီးထွေး၊ ဦးဘရင်– ဒေါ်ခင်လေးကြီးတို့၏ သမီးချွေးမ၊ (ဦးခင်မောင်ဦး၊ ရုံးအဖွဲ့မှူး၊ ဆည်မြောင်း)၏ဇနီး၊ (ဦးဘကြည်–ဒေါ်မြကြည်)၊ ဦးထွန်းခင်–ဒေါ်သိန်းထွေး၊ (ဦးတိုးကြွယ်)၊ (ဦးတိုက်စံ)တို့၏ညီမ၊ ဦးစိုးသန်း–ဒေါ်စန်းရီ၊ ဦးထွန်းကြိုင်–ဒေါ်သီတာကြည် (ပုပ္ပားဆေးတိုက်)၊ ဦးသန်းဝင်း (လက်ထောက်အင်ဂျင်နီယာချုပ်၊ ပဲခူးတိုင်း လျှပ်စစ်အင်ဂျင်နီယာ)–ဒေါ်သီဂီကြည်၊ ဦးမြဟန်(တရားရုံးချုပ်ရှေ့နေ)–ဒေါ်အေးအေးချို (အထက–၂၊ စမ်းချောင်း)၊ ဒေါ်နီလာကြည်၊ ဦးမြင့်ဦး–ဒေါ်ခင်စန္ဒာကြည် (လ/ထ ကထိက၊ စက်မှုတက္ကသိုလ်၊ငြိမ်း)၊ဦးစိန်လှိုင်–ဒေါ်နီနီဦး၊ ဦးဝင်းဖေမြင့်၊ ဦးလရောင်–ဒေါ်လှလှဝင်းတို့၏အဒေါ်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၅–၁–၂၀၀၄ရက် ညနေ ၅ နာရီ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့နွဲ့ဝင်း

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အိမ်အမှတ်၆၄၀၊ ရွှေနံ့သာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးကျော်ဝင်း)–ဒေါ်အမာချိုတို့၏ ဒုတိယမြောက်သမီး၊ ဦးကြည်ရှိန် (အငြိမ်းစား၊ အင်/ယာ၊ MOGE)၏ဇနီး၊ ဦးစန်းရှိန်(ခေတ္တ–မလေးရှား)–ဒေါ်ဖြူဖြူရှိန်၊ ကိုကျော်စွာရှိန်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ဆွေ(ခ)

ဆွေဆွေ

အသက်(၅၇)နှစ်

တိုက် ၄၊ အခန်း ၁၄၊ ပြည်တော်သစ်ရိပ်သာ၊အောက်ပုဇွန်တောင်၊ရန်ကုန်မြို့နေ (ဦးဟန်တင်–ဒေါ်ခင်စောရီ)တို့၏သမီး၊ (ဦးသန်း)၏ဇနီး၊ ဦးဇော်ဝင်း–ဒေါ်သင်းသင်းမွန်(ဒဏ္ဍာရီ ခရီးသွားလုပ်ငန်း)၊ဦးဖုန်းသစ်၊ဗိုလ်မှူးမောင်မောင်နီ(ငြိမ်း)–ဒေါ်ကေသီအောင်၊ (ဒေါ်စုစုလွင်)၊ ဒေါ်ယုယုတင်(Yunan Co., Ltd.)၊ ဒေါ်မြတ်မြတ်ထွေး (Panda Hotel)တို့၏ညီမ/အစ်မ၊ ကိုကောင်းထက်(ခ)ဝေမှူးသွင်၊ မအိသီဂီမောင် (ခေတ္တ–U.S.A)၊ မသိမ့်ဝတ်ရည်မောင် (တနှစ်–စီးပွားရေး)၊ ကိုဇော်ဟိန်းထက် (Espace Avenir)၊ ဗိုလ်လောင်းဇော်မင်းထက်တို့၏ ကြီးကြီး/အဒေါ်သည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးခင်ကြည်(ခ)ဦးခင်ညွန့်

R.Oအငြိမ်းစား၊CDC–၄၄၆၂

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၅၊ ၄၃လမ်းနေ (အရေးပိုင်မင်း ဦးဘိုးသဲ–ဒေါ်ကြင်)တို့၏မြေး၊ (ဦးဘလှိုင်–ဒေါ်မမလေး)တို့၏သား၊ (ဦးလှကြည်–ဒေါ်သန့်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ ဦးစိုးမြင့်၊ ဒေါ်ခင်သဲသဲတို့၏အစ်ကို၊မပြုံးပြုံးကြည်(ပညာရေးစီမံကိန်း)၊ (မခင်ဦးလွင်)၊ (မဝင်းဝင်းမေ)၊ ကိုသန်းလွင်၊ မဥမ္မာလွင်၊ မအေးအေးအောင် (စာရင်းစစ်ချုပ်ရုံး)၊ မောင်မြတ်ကျော်တို့၏ဖခင်၊ မြတ်ကေခိုင်၊ ယဉ်ကေခိုင်၊ လွင်ကိုကို၊ လွင်မောင်မောင်တို့၏အဘိုးသည် ၄–၁–၂၀၀၄ရက် နံနက် ၈:၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်(ခ)

ဦးကျော်မင်း (B.A)

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ငြိမ်း)

ဖက်စပ်–၅(ငြိမ်း)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၃၂၊ ဦးရွှေဝွန်းလမ်း၊ (၇)ရပ်ကွက်နေ (ဦးအေးမောင်) (စက်ရှင်တရားသူကြီး–၁)–(ဒေါ်ခင်အုန်း)တို့၏ သား၊ (ဦးလှမြင့်သိန်း)–ဒေါ်လှလှမြတ်(မ–၂၂၊ ရွှေပြည်သာ)၊ ဦးခင်ဇော် (ILBC)–ဒေါ်နန်းညိုညိုတင်(မြရိပ်ညို)၊ ဦးရွှေလင်း–ဒေါ်ညိုညိုမြင့်တို့၏ဖခင်၊ မရွှန်းလဲ့ဦး(အောင်မြတ်ဝင်းကုမ္ပဏီ)၊ ဇင်ကိုကိုဦး၊ နေမျိုးလင်း၊ မနှင်းရတနာဇော်တို့၏ အဘိုးသည် ၄–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရီ

(ကန်တော်ကလေး)

(သားဖွားဆရာမ၊

အဘောကျေးရွာ၊ တွံတေး)

အသက်(၅၃)နှစ်

အမှတ် ၂၁၊ ဒေါ်သိန်းတင်လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးလှထွန်း–(ဒေါ်အေးမြိုင်)တို့၏သမီး၊ (ဒေါ်ညွန့်ရီ)၊ ဦးငွေစိုး–ဒေါ်တင်နု၊ (ဦးအောင်သန်း)–ဒေါ်အေးအေးသန်း၊ ဦးတင်ဦး–ဒေါ်ကြင်လှိုင်တို့၏ညီမ၊ ဒေါ်တင်တင်ထွေး (အထက–၁၊ တာမွေ)၊ ဦးတင်အေး–ဒေါ်ယဉ်ယဉ်အေး၊ ဦးလှရွှေ–ဒေါ်ဆင့်ဆင့်လေးတို့၏အစ်မ၊ ဦးထွန်းရီ(အဘောကျေးရွာ)၏ဇနီး၊ မောင်သက်ဝေထွန်း၊ မောင်အောင်သူမင်း၊ မအေးမြတ်ဖြိုး၊ မောင်အောင်မျိုးဟိန်းတို့၏ မိခင်သည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၂၁၊ ဒေါ်သိန်းတင်လမ်း၊ ကန်/ရှေ့နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ထား (ပေါက်ခေါင်း)

အသက်(၈၇)နှစ်

ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ မြောက်ပိုင်းရပ်နေ (ဦးဘိုးရင်–ဒေါ်စိန်ညွန့်)တို့၏သမီး၊ (ဦးမြင့်)၏ဇနီး၊ ဗိုလ်မှူးကြီးသိန်းငွေ(ငြိမ်း)–ဒေါ်ထားထားယဉ်တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)–ဒေါ်ခင်ချိုဝင်း၊ ဦးအုံးသိန်း–ဒေါ်ခင်ရီတို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ် ငါးယောက်တို့၏အဘွားသည် ၂၉/၉၀၊ စပယ်လမ်း၊ ရွှေပြည်သာမြို့နေအိမ်၌ ၄–၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၆– ၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဟန်မြတ်မော် B.Econ (PD)

(တေးသံရှင် တက္ကသိုလ်ဟန်မြတ်မော်)

မြန်မာ့ရုပ်မြင်သံကြားဦးစီးအရာရှိ(ငြိမ်း)

(နတ်မောက်)

အသက်(၅၆)နှစ်

နတ်မောက်မြို့နေ (ဦးမြတ်မောင်–ဒေါ်ကြည်မြ)တို့၏သားငယ်၊ ရန်ကုန်မြို့၊ တိုက် ၂၈၉၊ အခန်း ၂၊ ရန်အောင်လမ်းသွယ် ၃၊ အရှေ့ရန်ကင်းနေ (ဦးစိန်လှမောင်–ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဦးဟန်ဇော်(အင်ဂျင်နီယာချုပ်၊ တံတား)–ဒေါ်သွင်သွင်အေးမို(အင်ဂျင်နီယာမှူး၊ ဗိုသုကာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏ညီ၊ ဒေါ်သန်းသန်းရွှေ(Pan Sea Hotel)၊ ဒေါ်ခင်ခင်စုတို့၏အစ်ကိုကြီး၊ တစ်ခိုင်လုံးရွှေ အေးအေးမြင့်(အကနည်းပြဆရာမ)၏ခင်ပွန်း၊ မောင်မြင့်မြတ်မောင် (စတုတ္ထတန်း–A၊ အမက–၃၊ ဗဟန်း)၏ဖခင်၊ မခိုင်ဝေဇော်၊ ကိုလင်းမောင်ဇော်၊ မမေသွင်ဇော်တို့၏ ဦးလေးသည် ၅–၁–၂၀၀၄ရက် နံနက် ၄ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်ကျင်အေး

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ အမှတ် ၃၈၁၊ လွတ်လပ်ရေးကွက်သစ်၊ ဦးချိုလမ်းနေ (ဦးဖိုးယံ–ဒေါ်ခင်မြ)တို့၏သမီး၊ (ဦးကျော်ကူ)၏ဇနီး၊ ဦးကျော်ဝင်း–ဒေါ်ခင်သက်မာ(ငွေစုဘဏ်ခွဲ–၂)၊ ဦးမြင့်သိန်း–ဒေါ်ခင်ခင်ဝင်း၊ ဦးမောင်မောင်ဝင်း–ဒေါ်အေးအေးမော်၊ ဦးမောင်မောင်လင်း–ဒေါ်မြင့်သန္တာဦးတို့၏မိခင်သည် ၅–၁–၂၀၀၄ ရက် နံနက် ၁:၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မြ

အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၃၉၊ မလွကုန်းလမ်းနေ (ဦးဘငြိမ်း–ဒေါ်ကုလားမ)တို့၏သမီး၊ (ဒေါ်တင်လေး)၊ (ဦးသိန်း)တို့၏ညီမ၊ ဒေါ်အုန်းရင်၏အစ်မ၊ (ဦးထွန်းမြင့်)၏ဇနီး၊ ဦးလှရွှေ–ဒေါ်ခင်ညိုမြင့်၊ ဦးစန်းဝင်း–ဒေါ်ခင်မာဝင်း၊ ဦးစန်းမြင့်၊ ဒေါ်စန်းတင်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်သင်းသင်းမြင့်၊ ဒေါ်နီနီမြင့်–ဦးတင်မောင်ဝင်း၊ ဒေါ်သီမြထွန်း၊ ဒေါ်ထွေးမြထွန်း၊ ဦးမျိုးမြင့်ဦး၊ ဦးစိုးမြထွန်း(မြဝတီဘဏ်)၊ ဦးတိုးမြထွန်းတို့၏ မိခင်သည် ၅–၁–၂၀၀၄ရက် နံနက် ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

မမြင့်မြင့်မူ(ခ)Noor Bi

B.Sc, (Physics)

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၂၂၊ ၁၀၁ လမ်းနေ (ဦးမာမူ – ဟာဂျီမ ဒေါ်ပုတုမ)တို့၏သမီးထွေး၊ ဦးမြင့်တင် (B.E, 2nd Engineer, Raffles Ship Management) ၏ ဇနီး၊ ဦးသာအောင်–(ဒေါ်နုနု)တို့၏သမီးချွေးမ၊(ဦးမျိုးညွန့်)–ဒေါ်မြမြ(Ruby Stores မြန်အောင်)၊ ဟာဂျီဦးတင်မောင်စိုး၊ ဟာဂျီမဒေါ်အေးအေးမူ(ကျွန်းရွှေဝါပရိဘောဂ၊ မန္တလေး)၊ ဦးဝင်းကို(ခရိုင်ဥပဒေဦးစီးအရာရှိ၊ ငြိမ်း၊ ကာကာပလီ ဥက္ကဋ္ဌ) – ဒေါ်ဘီဘီဂျန်၊ (ဦးကွတ်တီး)–ဟာဂျီမဒေါ်စန်းစန်းမူ၊ ဟာဂျီ ဦးထွန်းအောင်ကျော် (E/E)–ဟာဂျီမဒေါ်ရီဇီစန်းမောင်၊ (ဦးလှထွန်း)၊ ဒေါ်ထွေးယု၊ ဦးလှဝင်း(E/O)–ဒေါ်အမာ(ဝင်းဆေးဆိုင်)၊ Captain ညိုဝင်း (Uniteam)–ဒေါ်စန္ဒာဝင်း၊ ဦးဝင်းကြည်(ချမ်းသာ မော်တော်ယာဉ်)–ဒေါ်ခင်ဝင်းကြူ၊ Bosun ဦးမောင်မောင်သွင်(Uniteam) – ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်ဇော်–ဒေါ်သူဇာဝင်းတို့၏ ညီမလေးသည် ၅–၁–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၆–၁–၂၀၀၄ရက် ညနေ အဆွရ်နမာဇ်အပြီးတွင် ရေဝေး စွန္နီမွတ်စလင်ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊

ဇရပ်ဒါယိကာမကြီး

ဒေါ်ကြူ (မြိတ်မြို့)

အသက်(၈၃)နှစ်

မြိတ်မြို့၊ ရေပုန်းရပ်နေ(ဦးရှုဝမ်–ဒေါ်နီ)တို့၏သမီးလတ်၊ (ဦးသန်အီ–ဒေါ်စိန်မှျင်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂၊ ဇီဇဝါလမ်းနှင့် အိမ်ကြီးလမ်းထောင့် ရေကျော်ရပ်နေ (ဦးကိုကြည်)၏ဇနီး၊ ဦးဌေးမြင့်–ဒေါ်ညိုညိုစိမ့်၊ ဦးဘမောင်ချိန်–ဒေါ်ခင်သန်းဝင်း၊ ဦးဘသန်းချိန်–ဒေါ်ခင်ဆွေဦး၊ ဦးသင်းနိုင်–ဒေါ်တင်တင်ဝေ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း–ဒေါက်တာဒေါ်မေမေယု၊ ဒေါက်တာသန်းဌေး–ဒေါက်တာစန်းစန်းသော် (မင်္ဂလာဆေးကုခန်း၊ ရေကျော်)တို့၏မိခင်။ မြေး ၁၉ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၅–၁–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့နွဲ့ဝင်း

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အိမ်အမှတ် ၆၄၀၊ ရွှေနံ့သာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးကျော်ဝင်း)–ဒေါ်အမာချိုတို့၏ဒုတိယသမီး၊ ဦးကြည်ရှိန်(အငြိမ်းစား၊အင်/ယာ၊ MOGE)၏ဇနီး၊ ဒေါ်ရီရီဝေ–ဦးကြည်လွင်တို့၏ညီမ၊ ဦးခင်မောင်ဝင်း၊ ဒေါ်တင်တင်စိန်–(ဦးတင်ဝင်း)၊ ဒေါ်ကြည်ကြည်ဝင်း (ပြည်ထဲရေး၊တွဲဖက်)၊ ဦးခင်မောင်မြင့်–ဒေါ်ကြည်ကြည်စိန်၊ ဦးခင်မောင်ရီတို့၏ အစ်မ၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၅–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပြီဖြစ်ပါ၍ ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမများ။

ဒေါ်ညို

အသက်(၅၉)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ ၁၄လမ်း၊အမှတ်၁၁နေ (ဦးကြွယ်–ဒေါ်မြရင်)တို့၏သမီး၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၁၄၊ အခန်း ဝ၀၅ နေ ဦးလှစိန်–ဒေါ်ခင်မေ၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ (ဦးမောင်ကြည်)–ဒေါ်သောင်းရင်တို့၏ညီမ၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၂၁၈၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ ဦးသောင်းစိန် (တတက၊ ငြိမ်း၊မြန်မာနိုင်ငံရဲတပ်ဖွဲ့)၏ဇနီး၊ ဦးတင်အောင်မိုး(စမ်းချောင်းရဲစခန်း)–ဒေါ်သင်းသင်းခိုင်၊ မခင်လှမျိုး(လှိုင်ချိုဇင်ဇာဘော်လီ)၊ ဒုတကကျော်မင်းစိုး(တပ်မတော်–ရေ)၊ ဦးအောင်မင်းစိုး(လက်ထောက်အင်ဂျင်နီယာ၊လျှပ်စစ်၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊စွမ်းအင်ဝန်ကြီးဌာန)တို့၏မိခင်၊ မခိုင်သဇင်မိုး၏ ဘွားဘွားကြီးသည် ၄–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိန်မောင် (ငြိမ်း)

မော်ကွန်းဝင်(ပထမဆင့်)

စလင်းမြို့

အသက်(၈၆)နှစ်

စလင်းမြို့နေ (ဦးအောင်ဖံ–ဒေါ်ညို)တို့၏သား၊ မုံးမြို့နေ(ဦးငြိမ်း–ဒေါ်လှသင်)တို့ ၏သားသမက်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ ရွှေသာလျောင်းဘုရားလမ်း၊အိမ်အမှတ် ၂၁နေ ဒေါ်ယဉ်မြ၏ခင်ပွန်း၊ အုပ်ခွဲတပ်ကြပ်ကြီး မောင်မောင်စိုး(တပ်မတော်လေ)–ဒေါ်တင်တင်အေး၊ ဒေါ်ခင်ခင်စိုး(စီမံချက်အရာရှိ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်)၊ ဗိုလ်ကြီးမင်းသိန်း(ယာယီဗိုလ်မှူး)(တပ်မတော်–လေ) – ဒေါက်တာချိုချိုဝင်း၊ ဗိုလ်ကြီးဝင်းမြင့် (တပ်မတော်–ရေ)–ဒေါ်နွယ်နီစိုး(အလယ်တန်းပြဆရာမ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစိန်မောင်(ခ)လီတန်ရှောင်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၈၊ ၃၇ လမ်း (အထက်)၊ (ပထပ်ယာ)နေ တန်ကေရှု(ခ)ဒေါ်လှ၏ခင်ပွန်း၊ ကိုသိန်းထွန်း(ခ)လီဟိုက်တှာ–မဝေဝေယဉ်၊ ကိုဇော်အောင်ထွန်း(ခ)လီရှင်ဝါ–မစန်းစန်းမြင့်၊ မမွေးကြီး(ခ)ခင်ခင်မွေး၊ မယုံမွေး(ခ)မွေးမွေးငယ်–ကိုကျော်ထွန်း၊မရီရီနွယ်(ခ)ပီလှူ–အမောင်း(ခ)ထွန်းဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၅–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း

ဒါယိကာမကြီး

ဒေါ်ခင်မြင့်

အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘမော်–ဒေါ်ဖွား)တို့၏သမီး၊ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်း (ဆသရ အရာရှိရိပ်သာ)နေ ဦးမြင့်သိန်း၏ဇနီး၊ ဦးကြီးမြင့်–ဒေါ်ခင်စန်းမြင့်၊ ဒေါ်မာမာမြင့်၊ ဗိုလ်မှူးမျိုးတင့်–ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်ဆွေသိန်း–ဒေါ်ခင်သိန်းမြင့်၊ (ဒေါ်သန်းသန်းမြင့်)၊ ဦးမောင်မောင်သွင်–ဒေါ်မူမူမြင့်၊ ဦးမြတ်ကိုကို–ဒေါ်နှင်းနွယ်ပုတို့၏မိခင်၊ မဖြိုးစန္ဒာမျိုး၊ မောင်အောင်သီဟမျိုးတို့၏အဘွားသည် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃:၄၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံရင် (ငြိမ်း)

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်

[ဂုဏ်ထူးဆောင်]

မြောက်ဥက္ကလာပမြို့နယ်

ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ

အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ကျိုက်စကောကျေးရွာနေ (ဦးငွေသောင်–ဒေါ်စိန်ခင်)တို့၏သား၊ (ဦးဘိုးထင်–ဒေါ်စိန်ရင်) တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်း၊(၁၇/၄/၈၄၅)နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဒေါ်ခင်စောမူ (ဒုထွေ/ဂျာ၊စိုက်ပျိုးရေးရုံးချုပ်)၊ဒေါ်ဥမ္မာချို(စိုက်ပျိုးရေးရုံးချုပ်)၊ဗိုလ်ကြီးခင်မောင်ကြည် (လ/ထ ညွှန်မှူး၊ နယ်စပ်/စည်ပင်)–ဒေါ်စောသီတာမြင့်၊ ဦးမင်းဇော် (စိုက်ပျိုးရေးရုံးချုပ်၊ မိတ္တူလုပ်ငန်း)–ဒေါ်မိုးသီတာ၊ ဦးတင်အောင်ကြည် (ဌာနစုမှူး၊စက်မှု–၁)တို့၏ဖခင်၊ ဖြိုးမွန်မွန်ဦး၊ စုဝေဖြိုး၊ အိမ်ရွှေခြင်၊ ခင်ယုယသွင်တို့၏အဘိုးသည် ၃–၁–၂၀၀၄ရက် (စနေနေ့)ည၉နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သာသန

(ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူမဟာနာယက)

ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းထောက်ဆရာတော်

သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ ကျိုက္ကဆံရွှေကျင်တိုက်သစ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက (ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူမဟာနာယက)ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တသာသန မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၂ ရက် (၃–၁–၂၀၀၄ရက်) စနေနေ့ နံနက် ၁၀:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် (၇–၁–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မြို့နယ်သံဃနာယက(ဟောင်း)

ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ

ကျားကူးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်

ဘဒ္ဒန္တ မေဓနန္ဒ မဟာထေရ်

သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်၊ မြို့နယ်သံဃနာယက(ဟောင်း)၊ ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမေဓာနန္ဒ မဟာထေရ်သည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၄ ရက် (၅–၁–၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၂:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၉–၁–၂၀၀၄ရက်) သောကြာနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သာဓုကီဠန အန္တိမအဂ္ဂိသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ကျားကူးပရိယတ္တိစာသင်တိုက်တွင်ကျင်းပပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့်အတူ ကျားကူးပရိယတ္တိစာသင်တိုက်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

နာယကဆရာတော်ကြီးနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ပုဂံသောင်ဦးမြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်မောင်ကြီး

(အရှေ့ဖွားစော၊ ညောင်ဦး)

ဥက္ကဋ္ဌ(ငြိမ်း)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

မော်ကွန်းဝင်ဒုတိယဆင့်

နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်

(အငြိမ်းစားသံအမတ်ကြီး)

အသက်(၈၅)နှစ်

အသင်းနာယက ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့်၅–၁–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးစောမောင်

မော်လမြိုင်ကျွန်းမြို့နယ်

(ဗမော်ကျေးရွာ)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့် (၅)ရပ်ကွက်၊ ဗညားလမ်း၊ အမှတ် ၆၁၅/၆၁၆ နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးစိန်ဟန်–ဒေါ်လှနွဲ့၊ ဦးမြင့်ဟန်–ဒေါ်ဝင်းသန်း၊ ဦးမြင့်သိန်း–ဒေါ်တင်ရွှေ၊ ဦးမြင့်ဝင်း– ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းထွေး–ဒေါ်ဌေးနွဲ့၊ မောင်မြင့်လွင်၊ မစုစုလှိုင်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၅–၁–၂၀၀၄ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း

ဒါယိကာမကြီး

ဒေါ်နုနု (ပေါက်ကြီးကဖီး)

(သုံးဆယ်မြို့)

အသက်(၇၀)

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးခင်အေး)၏ဇနီး၊ (ဒေါ်သောင်းသောင်းနိုင်)၏ အစ်မ၊ ဦးခင်အောင်–ဒေါ်ဌေးဌေးဝင်း၊ ဦးမြထွန်း–ဒေါ်အေးအေး၊ (ကိုကျော်လွင်)၊ မခင်စန်းတင့်၊ ဦးအောင်မျိုးသက်–ဒေါ်မူမူခင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၅–၁–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်အရှေ့ရိုးကြီးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (မုဒုံ)

အသက်(၆၈)နှစ်

မုဒုံမြို့၊ ကျောင်းသစ်ရပ်၊ ရာဇဓိရာဇ်လမ်းနေ (ဦးယုတင်–ဒေါ်ပု)တို့၏သမီး၊ (ဦးခင်ညို)၏ဇနီး၊ ဗိုလ်ကြီးတင်ထွန်းအေး–ဒေါ်ခင်နွဲ့သွေး၊ ဗိုလ်မှူးမြတ်သူ–ဒေါ်ခင်ယုံ၊ ဗိုလ်အောင်သူ၊ မောင်မျိုးမင်းသူ–ဒေါ်ကြည်ကြည်ခိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၈–၁၂–၂၀၀၃ရက်၌ ကျေးသီးမြို့နယ်ဝမ့်ဆင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀–၁၂–၂၀၀၃ရက်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုဇော်ထက်မျိုး(ခ)ကိုဇော်ထက်

အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ ဆရာစံတောင်(စံပြ) ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၃၇ နေ ဦးမျိုးညွန့်(ခ)ဆရာမျိုး–ဒေါ်စန်းကြည်အေးတို့၏ သားထွေး၊ မသန္တာမျိုး၊ ကိုအောင်ဇော်မျိုး–ဒေါက်တာသင်းသင်းအေး(ပြည်သူ့ဆေးရုံကြီး၊ပြည်မြို့)တို့၏ မောင်/ညီ၊ မောင်ကောင်းခန့်ဇော်(ခ) ကောင်းကောင်းလေး၏ဖခင်သည် ၅–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁:၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး

ဒေါ်ခင်ဝင်းကြည် (ခရမ်းမြို့)

သူနာပြုဆရာမကြီး(ငြိမ်း)

အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၆)ရပ်ကွက်နေ (ဦးမြဝင်း–ဒေါ်စောတင်)တို့၏သမီး၊ (ဦးဘကျော်–ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ အမှတ် ၉၁၊ ရေကျော်လမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမျိုးသိန်း(ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ကိုကျော်ဌေး၊ ကိုအောင်ဇော်မျိုး၊ မခင်ဝိုင်းဖြူ၊ မငါးမယ်တို့၏ မိခင်၊ ထက်ဝေယံအောင်၏အဘွားသည် ၅–၁–၂၀၀၄ရက် နံနက် ၈:၀၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများဂုဏ်ပြုပွဲ တက်ရောက်ချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိသူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုပ်ရှင်အနုပညာရှင် များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ၂၀၀၂ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ၂၀၀၂ ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသော ရုပ်ရှင်အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင် အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ ✻

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နန်းမြင့်မျှော်စင်ကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ဖွင့်လှစ်

သတင်းဆောင်းပါး–မြင့်မောင်စိုး၊ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး၊ ကျန်းမာရေးနှင့် ပညာရေးမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး စသော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက် ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ▲

မြန်မာ့ရုပ်ရှင်လောကကြီးစည်ပင်ဖွံ့ဖြိုးအောင်ကြိုးစားမည် အကယ်ဒမီဟူသည် ဘက်စုံထူးချွန်မှုရနိုင်

တွေ့ဆုံမေးမြန်းသူ–မြင့်စိုး၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားရေးအတွက် နိုင်ငံတော် အစိုးရက ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်လျက်ရှိရာ ၂၀၀၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ညက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပခဲ့သည်။

ရုပ်ရှင်ထူးချွန်ဆုရရှိသူ ၁၄ ဦးအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ရုပ်ရှင်ထူးချွန်ဆုရရှိသူ ၁၄ ဦးအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို

စာမျက်နှာ ၆ ကော်လံ ၁ ▼

"ကြိုးစားထားတာလေးတွေ အကောင်အထည် ပေါ်လာလို့ ဝမ်းသာ"

ထပ်ဆင့်အကယ်ဒမီ
ကြည်စိုးထွန်း။

"ကျရာအခန်းက အကောင်း ဆုံးဖြစ်အောင်ကြိုးစားသွားမည်"

ထပ်ဆင့်အကယ်ဒမီ
ညွန့်ဝင်း။

"ဇာတ်ရုပ်နှစ်ရုပ်ကို ပီပြင် အောင် သရုပ်ဆောင်နိုင်လို့ အကယ်ဒမီရတာ"

အကယ်ဒမီ ခင်ဇာခြည်ကျော်။

"ဇာတ်ပို့ပဲဖြစ်ဖြစ်၊ ဇာတ် ဆောင်ပဲဖြစ်ဖြစ် ကျရာနေရာက သရုပ်ဆောင်သွားမည်"

ထပ်ဆင့်အကယ်ဒမီ
မေသန်းနု။

"အတတ်ပညာပိုင်းရော အနုပညာပိုင်းပါ မလစ်ဟင်း အောင် ကြိုးစားထား"

အကယ်ဒမီ
ပန်းချီစိုးမိုး။

"ဆယ်နှစ်ကျော် ကြိုးစားပြီးမှ အကယ်ဒမီ စင်မြင့်ပေါ် ရောက် ရှိခဲ့"

အကယ်ဒမီ လူမင်း။